# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၂)ရက် ၊ စနေနေ့ ၊ (2-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးကို ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၃၊ ၄၊ ၅၊ ၆)ရက် (၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် တန်ဆောင်မုန်းလပြည့်ကျော် (၇၊ ၈)ရက် (နိုဝင်ဘာ ၂၂၊ ၂၃ ရက်) သောကြာ၊ စနေနေ့များတွင် အဋ္ဌာရသမအစည်းအဝေးကြီးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက် (နိုဝင်ဘာ ၁၇ ရက်) တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ စက်တင်ဘာလအတွင်း ခရီးသွားဧည့်သည် ၁၇၅၆၆ ဦးထိ လာရောက်လည်ပတ်ခဲ့



**ပုသိမ် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးရှိ ငွေတောင်ကမ်းခြေသို့ စက်တင်ဘာလအတွင်း ခရီးသွားဧည့်သည် ၁၇၅၆၆ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ယခုနှစ် ဩဂုတ်လအတွင်းက ခရီးသွားဧည့်သည် ၁၄၁၅၅ ဦးထိသာလာရောက်လည်ပတ်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ခရီးသွားဧည့်သည် ၁၇၅၆၆ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁



**ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်** စာမျက်နှာ - ၁၁

**မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံ့စပါး တင်းရေ ၆၆၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့** စာမျက်နှာ - ၁၅




ရတနာပုံ
၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# ပွဲတော်မြိုင်ဆိုင် ကုသိုလ်လှိုင်လှိုင် လတန်ဆောင်တိုင်

တန်ဆောင်မုန်းလသည် မြန်မာဆယ့်နှစ်လရာသီတွင် အဋ္ဌမမြောက်လဖြစ်သည်။ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းအလှူပွဲတော်၊ မဲဇလီဖူးသုပ်ဝေငှသောပွဲတော်၊ ကျီးမနိုးပွဲတော်၊ ပုံသကူပစ်ပွဲတော်၊ ရှင်မာလဲပွဲတော်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိရုံမျှမက သာမညဖလအခါတော်နေ့၊ အမျိုးသားအောင်ပွဲနေ့ဟူသော နေ့ထူးနေ့မြတ်များကိုလည်း ကျင်းပကြလေ့ရှိသည်။

တန်ဆောင်မုန်းလ၏ပွဲတော်များအနက် အထင်ရှားဆုံးပွဲတော်များမှာ မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲတော်နှင့် ကထိန်အလှူပွဲတော်တို့ပင်ဖြစ်သည်။ မြန်မာပြည်တစ်ဝန်းရှိ တန်ခိုးကြီးအထင်ကရဘုရား၊ စေတီများတွင် တန်ဆောင်တိုင်ကာလ၌ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲများ ကျင်းပလေ့ရှိသည်။ ပြိုင်ပွဲစသည်နှင့် ရက်ကန်းရက်သူများ အပြိုင်အဆိုင်ရက်လုပ်ယှဉ်ပြိုင်ကြသလို ပရိသတ်ကိုယ်စီကလည်း ဆိုင်းသံ ဗုံသံ တညံညံဖြင့် ညလုံးပေါက်အားပေးကြသည်။ အရုဏ်တက်ချိန်တွင် သင်္ကန်းများရက်ပြီး၍ ပြိုင်ပွဲပြီးဆုံးသောအခါ ဆုချီးမြှင့်ခြင်းနှင့်အတူ ဘုရားရှင်အား မသိုးသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ မသိုးသင်္ကန်းရက်ပြိုင်ပွဲများသည် ကုသိုလ်ရေးတစ်ခုသာမဟုတ်ဘဲ မြန်မာတို့၏ရိုးရာရက်ကန်းအတတ်ပညာ တိုးတက်ထွန်းကားရေးအတွက် အကျိုးရှိသောပွဲတော်ဖြစ်ရာ လောကဓမ္မနှစ်ဖက်စလုံး အကျိုးများသော ပွဲတော်တစ်ခုပင်ဖြစ်ပေသည်။

တန်ဆောင်မုန်းလ၏ အထင်ရှားဆုံးပွဲတော်မှာ သံဃာတော်များအား ကထိန်သင်္ကန်းကပ်လှူပွဲဖြစ်သည်။ ကထိန်သည် ကထိန ဟူသော ပါဠိစကားမှ ဆင်းသက်၍ ခိုင်ခံ့မြဲမြံသောကြောင့် ကထိန်ဟုခေါ်ခြင်းဖြစ်သည်။ ကထိန်သင်္ကန်းကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်ထိ တစ်လအတွင်းသာ ကပ်လှူရသည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်ကျောင်းကိုသာ အချိန်အခါနှင့်လှူဒါန်းရသော အလှူမျိုးဖြစ်၍ ကာလဒါနအလှူအဖြစ် ဗုဒ္ဓဘာသာဝင်များက ဝမ်းပန်းတသာလှူဒါန်းကြသည်။ ကထိန်သင်္ကန်းအလှူသည် သင်္ကန်းတစ်ခုတည်းသာ လှူဒါန်းခြင်းမျိုးမဟုတ်ဘဲ ဝတ္ထုငွေ၊ ထီး၊ ဖိနပ်၊ ဆေးဝါး၊ နာရီ၊ ယပ်၊ သပိတ် စသည့်ပစ္စည်းစုံစွာအဖြာဖြာကို လှပစွာပဒေသာပင်သီးကာ ဘုံကထိန်ပွဲတော်အဖြစ် တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက်၊ တစ်ကျောင်းနှင့်တစ်ကျောင်း စသည်တို့ စေတနာချင်းပြိုင် သဒ္ဓါချင်းပြိုင်ကာ ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင် မြူးမြူးကြွကြွ လှူဒါန်းကြခြင်းပင်ဖြစ်သည်။

တန်ဆောင်မုန်းလတွင် သီတင်းကျွတ်ကာလကဲ့သို့ မီးထွန်းပွဲတော်များလည်းကျင်းပသည်။ သီတင်းကျွတ်လထက် ပို၍မြိုင်ဆိုင်သည်မှာ တောင်ကြီး၊ ပြင်ဦးလွင်တို့တွင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပကြခြင်းပင်ဖြစ်သည်။ တစ်နိုင်တစ်ပိုင် ကျင်းပလေ့ရှိသော ပုံသကူပစ်ခြင်း၊ မဲဇလီဖူးသုပ်ကို အန္တရာယ်ကင်းဆေးဝါးတစ်မျိုးအဖြစ် ကိုယ်တိုင်စားသုံးသကဲ့သို့ ပတ်ဝန်းကျင်ကိုဝေငှလှူဒါန်းခြင်းကို ပွဲတော်တစ်ခုသဖွယ်ပြုကြသည်။ ရှင်မာလဲပွဲတော်၊ ကျီးမနိုးပွဲတော်တို့သည် ကျေးလက်နယ်ဘက်တချို့တွင် ကျင်းပလေ့ရှိသော်လည်း တဖြည်းဖြည်းတိမ်ကောစပြုလာပြီဖြစ်သည်။ တန်ဆောင်မုန်းလ၏ နေ့ထူးနေ့မြတ်ဖြစ်သော သာမညဖလအခါတော်နေ့နှင့် အမျိုးသားအောင်ပွဲနေ့တို့သည် ဘာသာရေးအရ သမိုင်းကြောင်းအရ ယနေ့တိုင် ထင်ထင်ရှားရှား ခမ်းခမ်းနားနား ကျင်းပနေဆဲပင်ဖြစ်ပေသည်။

တန်ဆောင်မုန်းလသည် ပွဲတော်များစွာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိခြင်းကြောင့် ကုသိုလ်လည်းရ၊ ပျော်ရွှင်ချမ်းမြေ့ စိတ်နှလုံးကြည်နူးဖွယ်ရာများပြည့်စုံသော လထူးလမြတ်ပင်ဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်ကာလသည် အစည်ကားဆုံး၊ အမြိုင်ဆိုင်ဆုံးကာလဖြစ်ပြီး ကုသိုလ်လည်းရ ပျော်ရွှင်ကြည်နူးကြရသဖြင့် ညီနောင်သွေးချင်းများ တက်ကြွရွှင်မြူးကြသည်။ ကုသိုလ်ရေးပွဲတော်များတွင် အပျော်လွန်ကြပါက မြန်မာ့ယဉ်ကျေးမှုအနှစ်သာရမှာ ပေါ့ပြက်မှေးမှိန်လျော့ပါးနိုင်ပေသည်။ ထို့ကြောင့် ကောင်းကျိုးများစွာ ဆောင်ကြဉ်းပေးဖြာနေမည့် လတန်ဆောင်တိုင်ဖြစ်စေရန် မိဘပြည်သူအပေါင်းက ထိန်းသိမ်းဖော်ဆောင်သင့်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲပုပ် ၁၇၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၇၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၁၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ ပဲပုပ် ဧက ၁၈၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ပဲပုပ် ၁၇၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ ပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးက ပြောပြသည်။

ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးခရိုင်တွင် ၁၂၈ ဧက၊ ခန္တီးခရိုင်တွင် ၁၃၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၈၃ ဧက၊ နာဂဒေသတွင် ၁၁၉၂ ဧက၊ ကသာခရိုင်တွင် ၆၈ ဧက စုစုပေါင်း ၁၇၀၉ ဧကဖြစ်ကြောင်း၊ ပဲပုပ်စိုက်ပျိုးရန်လျာထားမှုအနေဖြင့် ကလေးခရိုင်တွင် ၁၃၅ ဧက၊ ခန္တီးခရိုင်တွင် ၁၇၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၉၅ ဧက၊ နာဂဒေသတွင် ၁၂၅၈ ဧက၊ ကသာခရိုင်တွင် ၃၇ ဧက စုစုပေါင်း ဧက ၁၈၀၀ ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မန္တလေး ခြောက်မြို့နယ် သန့်ရှင်းသာယာလှပရေးစာတမ်းဖတ်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



မန္တလေး နိုဝင်ဘာ ၁

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကျင်းပသည့် မန္တလေး ခြောက်မြို့နယ် သန့်ရှင်းသာယာလှပရေး စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုလို ဌာနတွင်း၌ စာတမ်းဖတ်ပွဲများကျင်းပပေးခြင်းဖြင့် နိုင်ငံအတွက်၊ ဒေသအတွက် ရလဒ်ကောင်းများ ပေါ်ထွက်ပြီး များစွာ အထောက်အကူဖြစ်ကြောင်း၊ စာတမ်းရှင် ခုနစ်ဦးက ဖတ်ကြား တင်ပြမှုများအပေါ် အတွေ့အကြုံများ လေ့လာမှတ်သားထားသမျှ တစ်ဦးနှင့်တစ်ဦး အပြုသဘောဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးမန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၁၄ ဌာနရှိပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကာ ဘက်ပေါင်းစုံမှအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ မြို့တော်သန့်ရှင်းရမည်၊ မြို့တော်သာယာလှပရမည်၊ မြို့တော်နေလူထုစိတ်ချမ်းသာရမည် ရည်ရွယ်ချက်များအတိုင်း သန့်ရှင်းသာယာ၍လှပသောမြို့တော်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာသူများက မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုမှတ်တမ်းပြသသည့် ကျွန်တော်တို့မန္တလေး Videoclip ကိုလည်းကောင်း၊မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးဌာနမှ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားများ၊ လုပ်ငန်းသုံး မော်တော်ယာဉ်များကိုလည်းကောင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

မျိုးကျော်

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးသလောက်ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးသလောက် ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းထွေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလောက် ပိဿာချိန် ၅၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ တစ်လအတွင်း ငါးသလောက်ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးသလောက် ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခု ငါးသလောက်က လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန် ၁၀ ကျပ်သားကနေ ၂၅ ကျပ်သားထိ တစ်ပိဿာကို ငွေကျပ် ၁၈၅၀၀ ဈေးပေါက်နေတယ်။ ၂၅ ကျပ်သားနဲ့ အထက်တွေက တစ်ပိဿာကို ငွေကျပ် ၈၅၀၀၀ ထိဈေးပေါက်နေတယ်။ အရွယ်အစားအပေါ်မူတည်ပြီး ဈေးကပြောင်းလဲသွားတာပါ။ လက်ရှိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ငါးသလောက်တွေကိုဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်။ အခုလို ဈေးကောင်းရတော့ ရေလုပ်သားတွေ အဓိကအဆင်ပြေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းထွေးကပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များလာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ တမ္ပဝတီပန်းတဉ်းတန်းရပ်နေ ဒေါ်ငြိမ်းငြိမ်းစံ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

## ပင်လောင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇိုးသည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ရှိ နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းက ဆောင်ရွက်နေသော တစ်သျှူးကာချာမျိုးပွားခြံသို့ သွားရောက်၍ အဆင့်(၂)သို့ရောက်ရှိနေပြီဖြစ်သော နယ်သာလန်Markies မျိုး ၄၈ ရက်သား အာလူးတစ်သျှူးကာချာစိုက်ခင်းကို ကြည့်ရှုလေ့လာသည်။

အဆိုပါ အာလူးမျိုးများကို လုပ်ငန်းစဉ်အတိုင်း အဆင့်(၃)ထိ ဆက်လက်မျိုးပွား စမ်းသပ်ထုတ်လုပ်ပြီး ဒေသခံတောင်သူများသို့ ၂၀၂၅ ခုနှစ် မေလတွင် စတင်ဖြန့်ဝေ စိုက်ပျိုးစေမည်ဖြစ်သည်။ အဆိုပါမျိုးပွားခြံတွင် နိုင်ငံတော်အကြီးအကဲ၏ ရုရှားဖက်ဒရေးရှင်း နိုင်ငံခရီးစဉ်တွင် လက်ဆောင်ရရှိခဲ့သော အာလူးမျိုးကိုလည်း တစ်သျှူးကာချာနည်းဖြင့် မျိုးပွားထုတ်လုပ်လျက်ရှိရာ ယခုအခါ အဆင့်(၁) အောင်မြင်သွားပြီဖြစ်၍ ရိတ်သိမ်းပြီးအဆင့်(၂)သို့ မြေခါစိုက်ပျိုးနိုင်ရေးအတွက် အအေးခန်းတွင် ရက်ပေါင်း ၁၂၀ သိုလှောင်သိမ်းဆည်းထားလျက်ရှိသည်။

ထို့မှတစ်ဆင့် ပင်လောင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၏မိုးလုံလေလုံအားကစားခန်းမသို့ သွားရောက်၍ ၂၀၂၅ ခုနှစ်အမျိုးသားအားကစားပွဲတော်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် အမျိုးသမီးဘော်လီဘောအသင်းမှ အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အားကစားသမားများ၊ အသင်းနည်းပြများ၊ အုပ်ချုပ်သူများကို ထောက်ပံ့ငွေများ၊ အင်အားဖြည့်အစားအစာနှင့် အချိုရည်များ ပေးအပ်ကြသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ တန်ဖိုးမြင့် ထုတ်ကုန်နည်းပညာများ ပံ့ပိုးပေးထားသော ထူးမြတ်သဘာဝ ဒေသထွက်ကုန် လက်ဖက်စိုရောင်းဝယ်ရေးလုပ်ငန်းနှင့် ရွှေရွက်စိမ်းလက်ဖက်စို၊ လက်ဖက်ခြောက်ပွဲရုံတို့ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လှိုင်းဘွဲ့မြို့နယ် တောင်သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်သရက်ကုန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင် ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

## မော်လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၄၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မော်လိုက် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၄၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၇၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယခုလက်ရှိ ၄၉၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ မော်လိုက်မြို့နယ်တွင် ၁၈၇ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၃၀၈ ဧက စုစုပေါင်း ၄၉၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ဖူးစားပြောင်း ၄၉၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ အခုလက်ရှိမှာတော့ အားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် ပိုးမွှား ရောဂါကျရောက်မှုမရှိအောင် အသိပညာ ပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဖူးစားပြောင်းများ စိုက်ပျိုးရာတွင် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင် သိရသည်။

(၂၀၆)



# ဆေးဖက်ဝင်ကညွတ်ပင် အပိုင်း(၂)

ဒေါက်တာလပြည့်ခင်



**မျက်လုံးကျန်းမာရေးကောင်းမွန်စေသောကညွတ်**

ကညွတ်တွင် ဗီတာမင်အေ ကြွယ်ဝစွာပါဝင်နေသည့်အတွက် မျက်လုံးကျန်းမာရေးကို ကောင်းမွန်စေပြီး အတွင်းတိမ်ဖြစ်ခြင်းကို သက်သာစေသည်။ အမြင်အာရုံတွင် အမည်းစက်အမည်းပြောက်များ မြင်ခြင်းမှ သက်သာစေသည်။ ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်သည့်အပြင် သွေးချိုဝေဒနာရှင်များလည်း စားသုံးနိုင်သည်။ သွေးပေါင်ချိန်ရုတ်တရက်မြင့်တက်ခြင်းကို ကာကွယ်ပေးသည်။ ကညွတ်သည် အသည်းတွင်းရှိအဆိပ်ကို ထုတ်ပေးနိုင်သည့်အတွက် အရက်ကို ကြာရှည်သောက်သုံးသူများ ကညွတ်ကို ပုံမှန်စားသုံးပေးသင့်သည်။ အရက်အလွန်အကျွံသောက်၍ မအီမသာဖြစ်ပါက ကညွတ်စားသုံးပေးခြင်းဖြင့် သက်သာစေနိုင်သည်ဟု သုတေသနပညာရှင်များက ဆိုထားသည်။ ဗီတာမင်ကေ ပါဝင်သောကြောင့် အရိုးသိပ်သည်းမှုပိုကောင်းစေပြီး အရိုးနှင့်ပတ်သက်သောရောဂါများအတွက် အစွမ်းထက်သည်။ ကညွတ်တစ်ပန်းကန်စာတွင် တစ်နေ့တာအတွက် ဗီတာမင်ကေလိုအပ်ချက်ပမာဏ၏ ၇၀ ရာခိုင်နှုန်းပါဝင်သည်။ ဗီတာမင်ကေသည် ကယ်လ်စီယမ်စုပ်ယူမှုကို ပိုအားကောင်းစေသောကြောင့် အရိုးပွရောဂါနှင့် အရိုးကျိုးအက်မှုများကို ကာကွယ်ပေးနိုင်သည်။

**ကညွတ်တွင်ပါဝင်သော သတ္တုဓာတ်များနှင့် ပျောက်ကင်းနိုင်သောရောဂါများ**

ကညွတ်တွင် ကိုယ်ခန္ဓာကျန်းမာရေးအတွက် အရေးကြီးသော သတ္တုဓာတ်များစွာပါဝင်သည်။ ကိုယ်ခန္ဓာအတွက်လိုအပ်သော သတ္တုဓာတ်များကို ကညွတ်မှရရှိနိုင်သည်။ ကညွတ်တွင် ကယ်လ်စီယမ်ပါဝင်သောကြောင့် အရိုးနှင့် သွားတည်ဆောက်ပုံမာကျောမှုကို အထောက်အကူပြုသည်။ ကညွတ်တွင်ပါဝင်သော ကယ်လ်စီယမ်သည် အင်ဆူလင်စွန့်ထုတ်မှုကိုထိန်းညှိသော ပန်ကရိယဆဲလ်များအပေါ် တိုက်ရိုက်အာနိသင်ရှိသည်။ ဖော့စဖရတ်ပါဝင်မှုကြောင့် ကြွက်သားများကျုံ့နိုင်ဆန့်နိုင်ခြင်း၊ နှလုံးခုန်နှုန်းနှင့် နာဗ့်ကြောတို့ကို ထိန်းသိမ်းပေးသည်။ ကညွတ်တွင် ပိုတက်ဆီယမ်ဓာတ်အများဆုံးပါဝင်သည်။ ပိုတက်ဆီယမ်သည် ကိုယ်တွင်းကျောက်ကပ်လုပ်ဆောင်မှုနှင့် နှလုံးခုန်နှုန်းကို ထိန်းသိမ်းပေးသောဆဲလ်နှင့် ကိုယ်တွင်းအရည်များကို ထိန်းညှိပေးသည်။ သွေးဖိအားကို လျော့ကျစေပြီး သွေးတိုးခြင်းမှ ကာကွယ်ပေးသည်။ သွေးဖိအားနှင့်ပတ်သက်သောအာနိသင်များရှိသည့် မဂ္ဂနီဆီယမ်ပါဝင်မှုကြောင့် သွေးတိုးကိုထိန်းနိုင်ပြီး ကယ်လ်စီယမ်နှင့် ရှတင်ဓာတ်ကြောင့်လည်း ပိုအကျိုးရှိစေသည်။ ကြေးနီသည် တွယ်ဆက်တစ်ရှုးများကို ပြန်လည်ကောင်းမွန်စေသောကြောင့် နာကျင်မှု၊ တောင့်တင်းမှုများကို သက်သာစေနိုင်သည်။ အမျိုးသမီးများရာသီလာချိန်တွင်ဖြစ်တတ်သော ကိုက်ခဲခြင်း၊ သွေးဆင်းများခြင်း စသည့်ဝေဒနာများကို သက်သာစေသည်။

**ဆီးရောဂါနှင့်ဖောရောင်ရောဂါကို သက်သာစေခြင်း**

ကညွတ်တွင် Asparagine ခေါ်သည့် အမိုင်နိုအက်စစ်ပါဝင်သောကြောင့် ဆီးရွှင်ဆေးအဖြစ်သုံးသည်။ ဒူလာပါဒရက်၊ လေးဖက်နာ၊ ဖောရောင်ခြင်းတို့အတွက်လည်း အစွမ်းထက်သည်။ ဆီးပူ၊ ဆီးအောင့်နှင့် သည်းခြေရောဂါများအတွက် ကညွတ်အမြစ်ရည်ကို ပျားရည်၊ နွားနို့တို့နှင့် ရောသောက်ခြင်းဖြင့် ပျောက်ကင်းစေသည်။ ကညွတ်သည် ဆီးလမ်းကြောင်း ပိုးဝင်ခြင်းကို သက်သာပျောက်ကင်းစေသည်။ သုတေသီများ၏အဆိုအရ အစာခြေစနစ်ကို ကောင်းမွန်စေကာ ဝမ်းဗိုက်အဆီကျစေသဖြင့် ကိုယ်အလေးချိန်လျှော့လိုသူများ စားသင့်သည်။

ဂလူတာသိုင်းအုန်းဓာတ်ပေါင်း ကြွယ်ဝသောကညွတ်သည် အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်မှုကိုဖြစ်စေ၍ ကိုယ်ခံအားကို ပိုမိုတိုးတက်ကောင်းမွန်စေသည်။ နေလောင်ခြင်းနှင့် အသက်ကြီးလာ၍ အသားအရေညစ်နွမ်းခြင်းတို့ကိုဖြစ်စေသော အရေပြားဆိုင်ရာပြဿနာများကို ကာကွယ်ပေးသည်။ ရောင်ရမ်းမှုကိုလျော့ကျစေပြီး အသည်းကျန်းမာရေးကို ထိန်းသိမ်းပေးနိုင်သည်။ ထို့ပြင် ကညွတ်သည် အဆိပ်အတောက်ကိုဖယ်ရှားပေးပြီး ကင်ဆာဖြစ်စေတတ်သော ဒြပ်ပေါင်းများနှင့် အခြားအန္တရာယ်ဖြစ်စေတတ်သော ဖရီးရက်ဒီကယ်ကဲ့သို့ ဒြပ်ပေါင်းများကို ပြိုကွဲစေသည်။ ထို့ကြောင့် ကညွတ်ကိုစားသုံးခြင်းဖြင့် အရိုးကင်ဆာ၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ လည်မျိုကင်ဆာနှင့် အဆုတ်ကင်ဆာတို့ကို မဖြစ်ပွားအောင် ကာကွယ်ပေးသည်။ ကညွတ်သည် အိုမင်းရင့်ရော်မှုကို နှေးကွေးစေသည့်အပြင် ခရမ်းလွန်ရောင်ခြည် သို့မဟုတ် ပြင်ပလေထုညစ်ညမ်းပစ္စည်းများကြောင့်ဖြစ်တတ်သော အရေပြားရောင်ရမ်းမှုကို ကာကွယ်ပေးသည်။ အစိမ်းရောင်ရင့်ရင့်ကညွတ်တွင် အန်သိုဆိုင်ယာနင်ဓာတ် ပြည့်ဝစွာပါဝင်မှုကြောင့် အရေပြားရှိ အဆိပ်အတောက်ဓာတ်များကို လျော့ပါးစေပြီး နေလောင်ဒဏ်ကို ကာကွယ်ပေးသည်။

**ကညွတ်နှင့်ဓာတ်မတည့်သူများ**

ကျန်းမာရေးအကျိုးအနေဖြင့်ကြည့်ပါက ကညွတ်သည် ကယ်လိုရီ အလွန်နည်းသည်။ ကညွတ် ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၂၀ ခန့် သာပါသည်။ အမျှင်ဓာတ်အရင်းအမြစ်ဖြစ်သော ကညွတ်ကို စားသုံးခြင်းဖြင့် အစာကြေလေကျေစေပြီး ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေသည်။ ဆီးစွန့်ရာတွင် နာကျင်သည့် ဆီးအိတ်ရောင်ရောဂါနှင့် အဆစ်ရောင်ရောဂါရှိသူများသည် ကညွတ်နှင့်မသင့်လျော်ပေ။ ကညွတ်သည် မတူညီသောအခြေအနေ၊ အမျိုးအစားနှင့် စိုက်ပျိုးမှုအနေအထားတို့ပေါ်မူတည်၍ အချို့လူနှင့် တိရစ္ဆာန်များကို အန္တရာယ်ဖြစ်စေသည်။ ကညွတ်နုနုကို အစိမ်းစားပါက လူကိုအဆိပ်အတောက်ဖြစ်စေသည်။ အဆိပ်ရှိ၍ စားနိုင်သောအစိတ်အပိုင်းသည် ချက်ပြုတ်ပါမှသာ အဆိပ်ပျောက်ကွယ်စေနိုင်သည်။ ဥပမာ-အတော်အသင့်အဆိပ်ရှိသော ၆ မှ ၁၀ မီလီမီတာအချင်းရှိ သေးငယ်၍ နီရဲသောဘယ်ရီသီး လက်တစ်ဆုပ်သာသာခန့်ကို စားမိပါက ဝမ်းဗိုက်နာခြင်း၊ အော့အန်ခြင်းဖြစ်စေတတ်သည်။

**အူမကြီးကင်ဆာရောဂါ ကာကွယ်နိုင်ခြင်းနှင့် အရွယ်တင်နုပျို**

ရှေးယခင်ကတည်းက ကညွတ်ရိုးကို ဖျဉ်းစွဲရောဂါ၊ အူမကြီးနှင့်ပတ်သက်၍ ခံစားရသောရောဂါများတွင် ဆေးအဖြစ်သုံးခဲ့ကြသည်။ Lutein၊ Zeaxa-nthin၊ Carotenes နှင့် Crypto-xanthins တို့ကဲ့သို့သော ဓာတ်တိုးဆန့်ကျင်မှုကို ကောင်းစွာကာကွယ်နိုင်သောအရင်းအမြစ်များပါဝင်သည်။ အင်ဆူလင်ခေါ် ကစီဓာတ်တစ်မျိုးပါရှိနေသောကြောင့် ဝမ်းမချုပ်စေဘဲ အူကိုသန့်စင်စေကာ အူမကြီးကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးသည်။ သဘာဝကျားခွန်အားဖြစ်စေသဖြင့် အမျိုးသားများ အားထားရလောက်သည်။ ကညွတ်ထဲရှိ ဂလူတာမစ်၊ ဂလိုင်စင်း၊ စစ်စတင်းအင်းဟူသော အစွမ်းထက်မြက်သည့် အမိုင်နိုအက်စစ်များပါရှိသည့်အတွက် အရွယ်တင်နုပျိုစေသည်။ ကညွတ်ပင်သည် သဘာဝဆီးဆေးဖြစ်၍ သွေးတွင်းအချိုဓာတ်ကိုထိန်းညှိပေးပြီး အရွယ်တင်နုပျိုစေသည်။ ရှေးယခင်ကပင် ကညွတ်ကို ဆေးဖက်ဝင်အဖြစ်သုံးခဲ့ကြရာ ယနေ့တွင် ဆီးနှင့်ပတ်သက်သောရောဂါများကုသရာတွင် ဆီးရွှင်ဆေးအဖြစ် အသုံးပြုကြသည်။ ကညွတ်သည် ဆီးရွှင်စေပြီး ခန္ဓာကိုယ်ထဲတွင်

**❖ကညွတ်တွင် Asparagine ခေါ်သည့် အမိုင်နိုအက်စစ်ပါဝင်သောကြောင့် ဆီးရွှင်ဆေးအဖြစ် သုံးသည်။ ဒူလာပါဒရက်၊ လေးဖက်နာ၊ ဖောရောင်ခြင်းတို့အတွက်လည်း အစွမ်းထက်သည်။ ဆီးပူ၊ ဆီးအောင့်နှင့် သည်းခြေရောဂါများအတွက် ကညွတ်အမြစ်ရည်ကို ပျားရည်၊ နွားနို့တို့နှင့်ရောသောက်ခြင်းဖြင့် ပျောက်ကင်းစေသည်။ ကညွတ်သည် ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို သက်သာပျောက်ကင်းစေသည်။ သုတေသီများ၏အဆိုအရ အစာခြေစနစ်ကိုကောင်းမွန်စေကာ ဝမ်းဗိုက်အဆီကျစေသဖြင့် ကိုယ်အလေးချိန်လျှော့လိုသူများ စားသင့်သည်။ ❖**

လီသီယမ်ဓာတ်များစေနိုင်သောကြောင့် ပမာဏများများစားလျှင် လီသီယမ်ဓာတ်များခြင်း၏ဆိုးကျိုးများ ရှိလာစေနိုင်သည်။ ကညွတ်စားသုံးမှုလွန်ကဲလျှင် သန္ဓေသားဖွံ့ဖြိုးမှုကိုထိခိုက်စေပြီး မိခင်နို့ကိုပါ အဆိပ်အတောက်ဖြစ်စေနိုင်သောကြောင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအနေဖြင့် အာဟာရအဖြစ်သာစားသင့်ပြီး ဆေးဝါးအဖြစ် အများကြီးမစားသင့်ပေ။ သဘာဝဆီးရွှင်ဆေးဖြစ်သော ကညွတ်သည် ခန္ဓာကိုယ်ထဲရှိရေများကိုထုတ်ပယ်ပေးပြီး မလိုသော အငန်ဓာတ်နှင့် အရည်ဓာတ်ပါဝင်မှုကို လျော့နည်းစေသည်။ သွေးတိုးရောဂါ သို့မဟုတ် ခန္ဓာကိုယ်တစ်ရှုးများတွင် ရေစုနေတတ်သော အက်ဒီမာရောဂါ ခံစားနေရသူများအတွက် အကျိုးပြုပေးနိုင်သော ဓာတ်စာဖြစ်သည်။

**ကညွတ်ကို အချုပ်ဆိုရသော်**

အချုပ်အားဖြင့် ကညွတ်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် ကင်ဆာရောဂါကာကွယ်ခြင်း၊ အရွယ်တင်နုပျိုခြင်း၊ အဆိပ်အတောက်များဖယ်ရှားပေးခြင်း၊ ရောင်ရမ်းမှုလျော့ကျစေတတ်ခြင်း၊ ဆီးချိုရောဂါနှင့် နှလုံးကျန်းမာရေးတို့အတွက်သင့်တော်သည်။ အမျိုးသမီးများဟော်မုန်းမညီညွတ်ခြင်း၊ ကျောက်ကပ်နှင့်သည်းခြေတို့တွင် ကျောက်တည်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း၌ လေပွခြင်း၊ နာတာရှည်အဆုတ်တီဘီကဲ့သို့သော မြစ်ခြောက်နာ၊ ကိုယ်ခံအားနည်းရောဂါ၊ အရည်ဝမ်းလျှောခြင်း၊ အာရုံကြောနာကျင်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်း၊ လေးဖက်နာရောဂါ၊ စိတ်ကျရောဂါများအတွက် စားသုံးနိုင်သည်။ အချို့တွင် ကညွတ်ကို အနာစိမ်း၊ အနာခြောက်၊ တင်းတိပ်တို့တွင် ပွတ်လိမ်းပေးပါက သက်သာပျောက်ကင်းနိုင်သော အကျိုးကျေးဇူးများရရှိစေသည်။

**ချင့်ချိန်စားသုံးသင့်သော ကညွတ်**

ကညွတ်တွင် ကောင်းကျိုးများရှိသကဲ့သို့ ဆိုးကျိုးများလည်းရှိသည်။ ကညွတ်တွင်ပါဝင်သော အောက်စာစ်အက်စစ်ဓာတ်ပေါင်းကြောင့် ဆီးအနံ့ပြောင်းခြင်း၊ ဓာတ်မတည့်သူများတွင် ခြေဖျား၊ လက်ဖျားများ ရောင်ရမ်းခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအနေဖြင့် ဟော်မုန်းကိုထိမ်စေတတ်ခြင်းတို့ကြောင့် အစားအစာပမာဏတစ်ခုအနေဖြင့်သာ စားသုံးသင့်သည်။ ကညွတ်စားသုံးခြင်းဖြင့် သွေးတွင်းရှိ ယူရစ်အက်စစ်ကိုထုတ်ပေးတတ်ခြင်းကြောင့် အရိုးအဆစ်ရောင်ရမ်းနာတစ်မျိုးဖြစ်သော ဂေါက်ရောဂါအခံရှိသူများအနေဖြင့် ချင့်ချိန်စားသုံးသင့်သည်။ ကညွတ်သီးသန့်နှင့်ထုတ်သော ဆေးဝါးအမြစ်မှုန့် ၃ ဂရမ်မှ ၅ ဂရမ်ထိသည် ဆေးအဖြစ် အသင့်လျော်ဆုံးဖြစ်သည်။ အချို့သောသူများတွင် အနည်းငယ်စားရုံဖြင့် ဓာတ်မတည့်မှု လက္ခဏာများကို ခံစားရတတ်သည်။ ဓာတ်မတည့်မှုလက္ခဏာပျော့လျှင် အရေပြားနှင့်မျက်စိတွင် ယားယံနီရဲစေနိုင်ပြီး ဗိုက်အောင့်ဗိုက်နာဖြစ်တတ်သည်။ ကညွတ်နှင့်ဓာတ်မတည့်မှုပြင်းထန်လျှင် နှာပိတ်ခြင်း၊ ဖောရောင်ခြင်း၊ ချွဲကျပ်ခြင်း၊ ပန်းနာ၊ ဝမ်းလျှောခြင်း၊ ခေါင်းမူးခြင်းတို့ ဖြစ်လာတတ်သည်။ အချို့တွင် ဆီးအနံ့ပြင်းခြင်းတို့ဖြစ်စေနိုင်သဖြင့် ချင့်ချိန်၍စားသုံးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၃၈၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၃၈၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၀၃၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၈၉ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နေကြာ ၂၀၃၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၃၈၉ ကေ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ကျန်ကေတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ ပြည်ပက စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်။ နေကြာကို ဆောင်းမှာ အများစု စိုက်ကြတာပါ"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် နေကြာစိုက်ပျိုးတောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်းနှင့် ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

## မောက်မယ်မြို့နယ် ရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မောက်မယ် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောက်မယ်မြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းနု၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့် ဝန်ထမ်းများက ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားခဲ့သည်။

ရွာသစ်ကျေးရွာ၌ လမ်းအရှည် ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၁၅ သန်း စုစုပေါင်းငွေကျပ် ၁၈ ဒသမ ၁၅ သန်းအသုံးပြု၍ ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ရွာသစ်ကျေးရွာရှိ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## စာပေကိုချစ် မျိုးဆက်သစ်တို့

- စာပေကို ချစ်မြတ်နိုးကွဲ့
  မျိုးဆက်သစ် တို့လူငယ်၊
  စာပေသည် ရတနာတစ်ပါး
  မှတ်သားထိုက်တယ်၊
  ဗဟုသုတ တိုးပွားမယ်
  ကြိုးစားကွယ် အမှန်မနေး၊
  စာပေကို လေ့လာမပြတ်
  ဖတ်မှတ်စေလေး။

- စာပေသည် အလင်းပေးလို့
  သတင်းမွှေး လူ့ရပ်ပြည်၊
  ကိုယ့်ဂုဏ်ရှိန် အောက်မကျ
  တောက်ပစေမည်၊
  စာပေအကျိုး သည်ပိုးအတည်
  နိုင်ငံ့ဂုဏ်ရည် မြှင့်တင်လျက်၊
  မျိုးဆက်သစ်တွေ လုပ်အားနဲ့
  လှုပ်ရှားသွက်လက်။

- စွမ်းဆောင်ရည် နှစ်ဆတက်လို့
  ဘဝအတွက် ရှင်သန်လေ၊
  စာပေသည်သာ ဘဝလမ်း
  အေးချမ်းနိုင်ပေ၊
  အဆိုးအကောင်း အထွေထွေ
  အခြေအနေ အရပ်ရပ်၊
  စာပေဂုဏ် အသိတရားနဲ့
  ပိုင်းခြားဆုံးဖြတ်။ ။

**ရဲသွေးနီ(တက်ဝန်)**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် ဥရောပသမဂ္ဂအဖွဲ့ဝင် မော်လ်တာနိုင်ငံသို့ သွားမည်

**မော်စကို နိုဝင်ဘာ ၁**

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအက်စ်အီး)အစည်းအဝေးတစ်ခုတက်ရန် လာမည့်လအတွင်း မော်လ်တာနိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မော်လ်တာနိုင်ငံသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်အတွက် ယူကရိန်းစစ်ပွဲစတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးသွားရောက်မည့် ဥရောပသမဂ္ဂနိုင်ငံဖြစ်သည်။

ဥရောပလုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးတစ်ခုကို မော်လ်တာနိုင်ငံ၌ နိုဝင်ဘာ ၅ ရက်မှ ၆ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် အနေဖြင့် မော်လ်တာနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ရုရှားမီဒီယာများ၏အဆိုအရ သိရသည်။

ရုရှားနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံအားလုံး အကျုံးဝင်သည့် အိုအက်စ်စီအီး ဝန်ကြီးအဆင့် ဆွေးနွေးပွဲကျင်းပမည့်အစီအစဉ်ကို ရုရှားနိုင်ငံဆိုင်ရာ မော်လ်တာသံရုံးကလည်း အတည်ပြုထားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေးလက်ဗရော့ဗ်သည် ယူကရိန်းစစ်ပွဲစတင်ခဲ့သော ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ သွားရောက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



# တရုတ်ရေတပ်မှ လေယာဉ်တင်သင်္ဘောနှစ်စီး တောင်တရုတ်ပင်လယ်၌ ပထမဆုံးအကြိမ်ပူးတွဲလေ့ကျင့်



**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်ရေတပ်မှ လေယာဉ်တင်သင်္ဘောနှစ်စီးသည် တောင်တရုတ်ပင်လယ်ဒေသ၌ ပထမဆုံးအကြိမ်အဖြစ် လေယာဉ်တင်သင်္ဘောနှစ်စီး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့သည်ဟု တရုတ်အစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအတွင်း လျောင်နင်းလေယာဉ်တင်သင်္ဘော၊ ရှန်တုန်းလေယာဉ်တင်သင်္ဘောနှင့် အခြားစစ်သင်္ဘောများ ပါဝင်ခဲ့ကြကြောင်း သိရသည်။

ယင်းစစ်ရေးလေ့ကျင့်မှုအတွင်း လျောင်နင်းလေယာဉ်တင်သင်္ဘောနှင့်ရှန်တုန်းလေယာဉ်တင်သင်္ဘောတို့သည် စစ်အင်္ဂါစဉ်ဖွဲ့၍ ပင်လယ်ဝါ၊ အရှေ့တရုတ် ပင်လယ်နှင့် တောင်တရုတ် ပင်လယ်များ၌ လှုပ်ရှား ရွေ့ပြောင်းခဲ့ကြောင်း တရုတ်ရေတပ်က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် လေယာဉ်တင်သင်္ဘောနှစ်စီးတွဲ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သည့်အချိန်ကို အဆိုပါကြေညာချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

တရုတ်ရေတပ်သည် လက်ရှိအချိန်တွင်လျောင်နင်းနှင့် ရှန်တုန်းလေယာဉ်တင် သင်္ဘောနှစ်စီးကို စစ်ရေး လှုပ်ရှားမှုများအတွက် အသုံးချနေသည်။

တရုတ်ရေတပ်၏ တတိယမြောက် လေယာဉ်တင်သင်္ဘောဖြစ်သည့် ဖူကျန်းလေယာဉ်တင်သင်္ဘောမှာ ပင်လယ်ပြင်စမ်းသပ်မှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အောက်တိုဘာလအတွင်း ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်ရာတွင် ရုရှားနိုင်ငံ မောင်းသူမဲ့လေယာဉ်အစင်း ၂၀၀၀ ကျော် အသုံးပြုခဲ့

**ကီယက်ဗ် နိုဝင်ဘာ ၁**

ရုရှားနိုင်ငံသည် ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်ရေးအတွက် အောက်တိုဘာလတစ်လလုံးတွင် မောင်းသူမဲ့လေယာဉ်အစင်း ၂၀၀၀ ကျော် အသုံးပြုခဲ့ကြောင်း ယနေ့တွင် ရေးသားဖော်ပြထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းမြို့များကို လေကြောင်းတိုက်ခိုက်မှုများ ပုံမှန်ပြုလုပ်လျက်ရှိရာ ကီယက်ဗ်မြို့မှာ အောက်တိုဘာလတစ်လတည်းတွင် အကြိမ်ရေ ၂၀ ကျော် တိုက်ခိုက်ခံခဲ့ရကြောင်း ယူကရိန်းတာဝန်ရှိသူများ၏အဆိုအရသိရသည်။

အောက်တိုဘာလတစ်လလုံးတွင် ရုရှားနိုင်ငံသည် ယူကရိန်းပစ်မှတ်များကို မောင်းသူမဲ့လေယာဉ် ၂၀၂၃စင်း အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းစစ်ဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမောင်းသူမဲ့လေယာဉ်အစင်း၂၀၀၀ကျော်အနက် ၁၁၈၅ စင်းကို ယူကရိန်းတပ်များက ကြားဖြတ်တားဆီးနိုင်ခဲ့သည်။

ယခုနှစ် နှစ်စပိုင်းမှစ၍လက်ရှိအချိန်ထိ ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်ရာတွင် တိုက်ပွဲဝင်မောင်းသူမဲ့လေယာဉ်အစင်းပေါင်း ၆၉၈၇ စင်းထိ အသုံးပြုခဲ့ကြောင်း ရုရှားတပ်မတော် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားတပ်မတော်သည် ယူကရိန်းအရှေ့ပိုင်း၌ စစ်ရေးအရ ဆက်တိုက်အသာစီးရယူထားလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အစ္စရေး၌ဖြစ်ပွားခဲ့သည့် ဒုံးကျည်တိုက်ခိုက်မှုကြောင့် ထိုင်းနိုင်ငံသား လေးဦး သေဆုံး

**ဗန်ကောက် နိုဝင်ဘာ ၁**

လက်ဘနွန် နိုင်ငံဘက်မှ ပစ်လွှတ်ခဲ့သော ဒုံးကျည်တစ်စင်း အစ္စရေးမြောက်ပိုင်း၌ ကျရောက်မှုကြောင့် ထိုင်းနိုင်ငံသားလေးဦး သေဆုံးခဲ့ရသည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

အဆိုပါဒုံးကျည်တိုက်ခိုက်မှုဖြစ်စဉ်သည် အောက်တိုဘာ ၃၁ ရက်တွင် အစ္စရေးနိုင်ငံမြောက်ပိုင်း မီတူလာမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၃၁ ရက် ဒုံးကျည်တိုက်ခိုက်မှုကြောင့် ထိုင်းနိုင်ငံသားလေးဦးသေဆုံး၍ တစ်ဦးဒဏ်ရာရခဲ့ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ဒုံးကျည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် ထိုင်းနိုင်ငံသားများအတွက် မိမိကြေကွဲဝမ်းနည်းမိကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး မာရစ်က လူမှုမီဒီယာပေါ်တွင် ရေးသားထားသည်။

ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်ပါက လုပ်ခလစာ ပိုမိုမြင့်မားသော အစ္စရေးနိုင်ငံ၌ ထိုင်းနိုင်ငံသား ဦးရေ ၃၀၀၀၀ ကျော်ထိ ရှိနေကြောင်း သိရသည်။

ဂါဇာစစ်ပွဲစတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ လက်ရှိအချိန်ထိ ထိုင်းနိုင်ငံသား အနည်းဆုံး ၃၉ ဦးထိ သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အင်ဒိုနီးရှားနိုင်ငံ၌ စားဆီစက်ရုံမီးလောင်မှုဖြစ်ပွား လူရှစ်ဦးသေဆုံး၍ သုံးဦးဒဏ်ရာရရှိ

**ဂျကာတာ နိုဝင်ဘာ ၁**

အင်ဒိုနီးရှားနိုင်ငံ ဘီကာဆီအမည်ရှိမြို့၌ စားဆီထုတ်လုပ်ရေးစက်ရုံတစ်ရုံတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူပေါင်း ရှစ်ဦး သေဆုံးခဲ့ရကြောင်း ယနေ့ သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် စားဆီစက်ရုံမီးလောင်ကျွမ်းမှုကို မီးသတ်ယာဉ်အစင်း ၂၀ ခန့်ဖြင့် ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်းအင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယနေ့တွင် ဖြစ်ပွားခဲ့သော အဆိုပါမီးလောင်မှုကြောင့် လူရှစ်ဦးသေဆုံး၍ သုံးဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။




လက်ရှိအချိန်တွင် အင်ဒိုနီးရှားတာဝန်ရှိသူများက စားဆီစက်ရုံမီးလောင်မှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည့်စက်ရုံကို ပီတီပရိုင်းမတ်ခ်စားဆီထုတ်လုပ်ရေးစက်မှုလုပ်ငန်းက ပိုင်ဆိုင်ကြောင်း သိရသည်။


စားဆီ ထုတ်လုပ်ရေးစက်ရုံမီးလောင်မှုသည် ယနေ့နံနက်ပိုင်းတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယနိုင်ငံက ချန်ဒရာယန်း-၄ မစ်ရှင်ဖြင့် လကမ္ဘာကျောက်သားနမူနာများကိုရယူရန် ရည်ရွယ်ထား




**နယူးဒေလီ နိုဝင်ဘာ ၁**

အိန္ဒိယနိုင်ငံသည် ချန်ဒရာယန်း-၄ အမည်ရှိ မစ်ရှင်ဖြင့် လကမ္ဘာကျောက်သားနမူနာများကို ရယူရန် ရည်ရွယ်ထားကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

ချန်ဒရာယန်း-၄ မစ်ရှင်ကို ၂၀၂၈ ခုနှစ်အတွင်း လွှတ်တင်ရန် အိန္ဒိယ အမျိုးသားအာကာသ အေဂျင်စီက စီစဉ်ထားသည်။

အိန္ဒိယ အမျိုးသားအာကာသ အေဂျင်စီသည် ချန်ဒရာယန်း-၄ မစ်ရှင်ဖြင့် လကမ္ဘာကျောက်သားနမူနာ သုံးကီလိုဂရမ်ထိ ရယူရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါ ကျောက်သားနမူနာများကို လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသအနီးရှိ ရေခဲကြွယ်ဝသည့် နယ်မြေတစ်ခုမှ ရယူမည်ဖြစ်ကြောင်း အိန္ဒိယအမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

လကမ္ဘာကျောက်သားနမူနာများရယူရေးအတွက် ချန်ဒရာယန်း-၄ မစ်ရှင်ကို လွှတ်တင်ရန် အိန္ဒိယအစိုးရက အတည်ပြုချက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ချန်ဒရာယန်း-၄ မစ်ရှင် လွှတ်တင်ပြီးချိန်တွင် အိန္ဒိယအမျိုးသားအာကာသအေဂျင်စီသည် ဂျပန်အာကာသအေဂျင်စီနှင့် ပူးပေါင်း၍ ချန်ဒရာယန်း-၅ မစ်ရှင်ကို ဆက်လက်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO


## ဗွိုင်ယေဂျာ-၁ အာကာသယာဉ်က ဆက်သွယ်ရေးစနစ်ပြဿနာကို ဖြေရှင်းရေးအတွက် အရန်ရေဒီယိုဆက်သွယ်ရေးစနစ်ကို ပြန်လည်အသုံးပြုနေရ

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ဆက်သွယ်ရေးစနစ်ပြဿနာကို ဖြေရှင်းရေးအတွက် ၁၉၈၁ ခုနှစ်မှစ၍ မသုံးဘဲထားခဲ့သော အရန်ရေဒီယိုဆက်သွယ်ရေးစနစ်ကိုပြန်လည်အသုံးပြုနေရကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် စွမ်းအင်လျော့ပါးလာမှုပြဿနာအတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နေချိန် အောက်တိုဘာ ၁၆ ရက်မှစ၍ ကမ္ဘာမြေနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ရသည်။

သို့ဖြစ်ရာ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ယခင်အသုံးပြုနေသည့် ဆက်သွယ်ရေးစနစ်အစား ၁၉၈၁ ခုနှစ်မှစ၍ အသုံးမပြုခဲ့သော ရေဒီယိုဆက်သွယ်ရေးစနစ်ဖြင့် ကမ္ဘာမြေနှင့် အဆက်အသွယ်ပြုလုပ်နေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်နှင့်မိုင်ပေါင်း ၁၅ ဘီလီယံကွာဝေးသော ကြယ်တာရာဟင်းလင်းပြင်နယ်မြေထဲ၌ ဆက်လက် ပျံသန်းနေဆဲဖြစ်သည်။

၁၉၇၇ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ၂၀၁၂ ခုနှစ်တွင် နေအဖွဲ့အစည်းကို ကျော်ဖြတ်၍ ကြယ်တာရာဟင်းလင်းပြင် နယ်မြေအတွင်း စတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဗွိုင်ယေဂျာ-၁ အာကာသယာဉ်မှာ သက်တမ်းအိုမင်းလာပြီဖြစ်သော်လည်း ကမ္ဘာမြေပေါ်သို့ သိပ္ပံပညာ သတင်းအချက်အလက်များ ဆက်လက်ပေးပို့နိုင်ဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ယူရေနတ်ဂြိုဟ်၏ မီရန်ဒါ ဂြိုဟ်ရံလပေါ်တွင် သက်ရှိများ ခိုအောင်းရှင်သန်နိုင်ကြဖွယ်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁**

ယူရေနတ်ဂြိုဟ်၏ မီရန်ဒါ အမည်ရှိဂြိုဟ်ရံလပေါ်တွင် သက်ရှိများခိုအောင်းရှင်သန်နိုင်ကြဖွယ်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

မီရန်ဒါဂြိုဟ်ရံလမျက်နှာပြင်အောက်၌ သမုဒ္ဒရာတစ်စင်းတည်ရှိနေပြီး ၎င်းသမုဒ္ဒရာနယ်မြေအတွင်း သက်ရှိများရှင်သန်နိုင်ဖွယ်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

မီရန်ဒါဂြိုဟ်ရံလပေါ်၌ မြေအောက်သမုဒ္ဒရာတစ်စင်း တည်ရှိမှု သက်သေအထောက်အထားများကို နာဆာသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၂ အာကာသယာဉ်မှ ရရှိထားသော သတင်းအချက်အလက်များကိုအသုံးပြု၍ မီရန်ဒါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာ အထောက်အထားများကို ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။

ဗွိုင်ယေဂျာ-၂ အာကာသယာဉ်သည် ယူရေနတ်ဂြိုဟ်စနစ်နှင့်မီရန်ဒါဂြိုဟ်ရံလတို့ကိုလေ့လာခဲ့ဖူးသည့် တစ်စင်းတည်းသော အာကာသယာဉ်ဖြစ်သည်။

မီရန်ဒါဂြိုဟ်ရံလသည် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၁ ဒသမ ၅ ဘီလီယံအကွာတွင် တည်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၀၂၃ ခုနှစ်တွင် အဆုတ်ရောဂါစစ်ဆေးတွေ့ရှိရသူ ရှစ်သန်းကျော်ရှိ

**ဂျီနီဗာ နိုဝင်ဘာ ၁**

တစ်ကမ္ဘာလုံး အတိုင်းအတာအရ ၂၀၂၃ ခုနှစ်တွင်အဆုတ်ရောဂါ (Tuberculosis) စစ်ဆေးတွေ့ရှိရသူ လူနာပေါင်း ရှစ်သန်းကျော်ထိ ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ်သည် မှတ်တမ်းရှိခဲ့ဖူးသမျှ တစ်ကမ္ဘာလုံးအတိုင်းအတာအရ အဆုတ်ရောဂါဖြစ်ပွားမှုအမြင့်မားဆုံးနှစ်ဖြစ်ကြောင်း WHO ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း အဆုတ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ လူပေါင်း ၁ ဒသမ ၂၅ သန်းထိ သေဆုံးခဲ့ရာ ကိုဗစ်ရောဂါကူးစက်မှုအလွန် ကာလအတွင်း အဆုတ်ရောဂါမှာ လူသေဆုံးမှုနှုန်းအမြင့်ဆုံးရောဂါဖြစ်လာကြောင်း WHO က သုံးသပ်ထားသည်။

အဆုတ်ရောဂါကို ရှာဖွေနိုင်၊ တားဆီးနိုင်၊ ကုသနိုင်သည့် နည်းလမ်းများရှိနေချိန်တွင် ၎င်းရောဂါကြောင့် ကမ္ဘာ့ပြည်သူမြောက်မြားစွာ သေဆုံးနေရခြင်းမှာ စိတ်ပျက်ဖွယ်အခြေအနေတစ်ရပ်ဖြစ်လာကြောင်း WHO တာဝန်ရှိသူများက ပြောကြားသည်။

WHO ၏ အဆိုအရ အဆုတ်ရောဂါသည် ၂၀၂၃ ခုနှစ်အတွင်း အရှေ့တောင်အာရှ၊ အာဖရိကနှင့် အနောက်ပစိဖိတ်ဒေသ ပြည်သူများကြား အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ ၂၀၂၃ ခုနှစ်အတွင်း အဆုတ်ရောဂါ စစ်ဆေးတွေ့ရှိခဲ့ရသူ ထက်ဝက်ကျော်မှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ဖိလစ်ပိုင်နှင့် ပါကစ္စတန်နိုင်ငံတို့မှ ပြည်သူများဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဝမ်းချုပ်မှုကြောင့် နှလုံးဖောက်နိုင်ခြေ သို့မဟုတ် လေဖြတ်နိုင်ခြေတို့ မြင့်တက်နိုင်

**ကင်ဘာရာ နိုဝင်ဘာ ၁**

ဝမ်းချုပ်မှုကြောင့် နှလုံးရုတ်တရက် ဖောက်နိုင်ခြေ သို့မဟုတ် လေဖြတ်နိုင်ခြေတို့ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဝမ်းချုပ်မှုပြဿနာရှိသူများအနေဖြင့် ၎င်းပြဿနာမရှိသူများနှင့်နှိုင်းယှဉ်ပါက နှလုံးကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်ခြေ နှစ်ဆပိုများကြောင်း သိရသည်။

အထူးသဖြင့် သွေးတိုးရောဂါရှိနေသူများအနေဖြင့် ဝမ်းချုပ်မှုပြဿနာရှိနေပါက နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ အထူး မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း ဩစတြေးလျ သုတေသန ပညာရှင်များက ပြောကြားသည်။

ဩစတြေးလျ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဝမ်းချုပ်မှုပြဿနာရှိနေသူများတွင် နှလုံးခုန်ရပ်တန့်မှုဖြစ်နိုင်ခြေ ပုံမှန်ထက် ၂ ဒသမ ၇ ဆမြင့်မားနေတတ်ပြီး လေဖြတ်နိုင်ခြေမှာလည်း ပုံမှန်ထက် ၂ ဒသမ ၄ ဆထိ မြင့်မားနေတတ်ကြောင်း သိရသည်။

ထို့ပြင် ဝမ်းချုပ်မှုပြဿနာရှိနေသူများတွင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေမှာလည်း ပုံမှန်ထက် ၁ ဒသမ ၆ ဆ မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဂျူဗင်တပ်အသင်းက ပီအက်စ်ဂျီခံစစ်ကစားသမား စကရင်နေးယားကို ခေါ်ယူရန်ကြိုးပမ်း

ရောမ နိုဝင်ဘာ ၁

ဂျူဗင်တပ် အသင်းသည် ပီအက်စ်ဂျီအသင်းနှင့် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသည့် ခံစစ်ကစားသမား စကရင်နေးယားကို စီးရီးအေသို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

စကရင်နေးယားသည် အင်တာမီလန်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့် တစ်နှစ်ခွဲကျော်လက်တွဲခဲ့သည့်ကာလအတွင်း အရန်ခုံတွင်သာ အချိန်ကုန်နေရသဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် စီးရီးအေသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေသောကြောင့် ဂျူဗင်တပ်အသင်းက ခံစစ်ပိုင်း လိုအပ်ချက်အတွက် ၎င်းကိုခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

လက်ရှိ ဂျူဗင်တပ်အသင်း ခံစစ်ပိုင်းတွင် ဗဟိုခံစစ်ကစားသမား ဘရီမာသည် လိုက်ပ်ဇစ်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အရွတ်ထိခိုက်ဒဏ်ရာ ရရှိခဲ့သောကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်ပြီး နည်းပြမော့တာက ၎င်းနေရာတွင် အစားထိုးနိုင်ရန် စီးရီးအေ အတွေ့အကြုံကောင်းများရှိသည့် စကရင်နေးယားကို ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ ခံစစ်ကစားသမားသည်ယခုနှစ်ဘောလုံးရာသီ နည်းပြအန်းနရစ် လက်အောက်တွင် ပြိုင်ပွဲစုံ၌ ပွဲကစားချိန် ၂၀၁ မိနစ်သာရရှိထားပြီး ပွဲထွက်ခွင့် နှစ်ပွဲနှင့် အရန်ကစားသမားအဖြစ် တစ်ပွဲသာ ပါဝင်ခဲ့ရသောကြောင့် လာမည့်အပြောင်းအရွှေ့တွင် စီးရီးအေသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သဖြင့် နည်းပြမော့တာသည် ၎င်းကို အငှားစာချုပ်ဖြင့်ခေါ်ယူ၍ ခံစစ်ပိုင်း ဖြည့်တင်းသွားမည်ဖြစ်သည်။

**Ref : Goal.com**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- လောင်းကစားမှုကြောင့် တရားစွဲဆိုခံထားရသည့် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာသည် လာမည့်ဒီဇင်ဘာလတွင် ဘရာဇီးနိုင်ငံ၌ ရုံးချိန်းသွားရောက်ရမည်ဖြစ်သောကြောင့် ပရီးမီးယားလိဂ် ပွဲစဉ်အများအပြားကို လွဲချော်မည်ဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းက ထုတ်ပြန်ခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်က နည်းပြအန်ဆယ်လော့တီအနေဖြင့် အသင်းနှင့် စာချုပ်ကုန်ဆုံးသွားပါက အသင်း၏သံတမန်အဖြစ် ထပ်မံခန့်အပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- လီဗာပူးအသင်းက အကောင့်တုများဖြင့် လက်မှတ်ရောင်းချသည့် အသင်းပရိသတ် ၇၅ ဦးကို ရာသက်ပန် ပွဲကြည့်ခွင့်ပိတ်ပင်ခဲ့ပြီးနောက် တရားမဝင်အကောင့်များမှ ရောင်းချသည့် လက်မှတ်များကိုမဝယ်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံးဆုအတွက် ဆန်ခါတင်စာရင်း ထုတ်ပြန်




လန်ဒန် နိုဝင်ဘာ ၁

အောက်တိုဘာလ အတွက် ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံး ကစားသမားဆုနှင့် နည်းပြဆုများအတွက် ဆန်ခါတင်စာရင်း ထုတ်ပြန်ခဲ့ရာတွင် ကစားသမားရှစ်ဦးနှင့် နည်းပြလေးဦးပါဝင်ခဲ့ကြောင်း သိရသည်။

တစ်လတာ အကောင်းဆုံး ကစားသမားရှစ်ဦး စာရင်းတွင် ဘုန်းမောက်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် လက်စတာအသင်းတောင်ပံကစားသမား ဘိုနာနိုတီ၊ မန်စီးတီးအသင်းအား အမှတ်ပေးဇယားထိပ်သို့ ရောက်ရှိအောင် ခြေစွမ်းပြပါဝင်ခဲ့သည့် ခံစစ်ကစားသမား ဂါဗာဒီယို၊ ဝုဗ်အသင်းနှင့် အစ်ဗုစ်အသင်းတို့အား နိုင်ပွဲရရှိအောင် ပါဝင်ကူညီခဲ့သည့် ဘရန့်ဖို့ဒ်တိုက်စစ်မှူး မီအူမို၊ နော့်တင်ဟမ်နှင့် နယူးကာဆယ်အသင်းတို့ ပွဲစဉ်တွင် ချဲလ်ဆီးအသင်းကို ရလဒ်ကောင်းရယူပေးခဲ့သည့် ကွင်းလယ်ကစားသမား ပယ်မာ၊ အာဆင်နယ် တောင်ပံကစားသမား ဆာကာ၊ နော့်တင်ဟမ်အသင်း ဂိုးသမား မက်ဆဲလ်၊ နော့်တင်ဟမ်အသင်း တိုက်စစ်မှူး ခရစ်ဝုဒ်နှင့် ဘရိုက်တန်အသင်း တိုက်စစ်မှူး ဝဲလ်ဘက်တို့ ပါဝင်ခဲ့သည်။

အကောင်းဆုံး နည်းပြစာရင်းတွင် မန်စီးတီးအသင်းအား အောက်တိုဘာလအတွင်း ပြိုင်ပွဲများတွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြဂွါဒီယိုလာ၊ နော့်တင်ဟမ်အသင်းအား နှစ်ပွဲနိုင်၊ တစ်ပွဲသရေရရှိအောင် စွမ်းဆောင်ခဲ့သည့် နည်းပြဆန်းတို့စ်၊ ဘရိုက်တန်အသင်းအား နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရယူပေးခဲ့သည့် နည်းပြဟာဇီလာနှင့် လီဗာပူးအသင်းအား နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ရယူပေးခဲ့သည့် နည်းပြစလော့တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

တစ်လတာ အကောင်းဆုံး ကစားသမားစာရင်းတွင် နော့်တင်ဟမ်အသင်းအတွက် သွင်းဂိုးလေးဂိုး သွင်းယူပေးခဲ့သည့် ခရစ်ဝုဒ်က ဆုရရှိရန် ရေပန်းစားနေပြီး အကောင်းဆုံး နည်းပြဆုအတွက် မန်စီးတီးအသင်းအား အမှတ်ပေးဇယားထိပ်သို့ ရောက်ရှိအောင် စွမ်းဆောင်ခဲ့သည့် နည်းပြဂွါဒီယိုလာတို့က အကောင်းဆုံးဆုရရှိရန် ရေပန်းစားနေကြောင်း သိရသည်။

**Ref : 90min**

**Trs : ML**

# Global Sports ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက ပဲလေ့စ်အသင်း၏ အစုရှယ်ယာများကို ဝယ်ယူမည်ဟုဆို

လန်ဒန် နိုဝင်ဘာ ၁

အမေရိကန် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သည့် Global Sports ကုမ္ပဏီက ပဲလေ့စ်အသင်း၏ ပူးတွဲအသင်းပိုင်ရှင်ဖြစ်သည့် ဂျွန်တက်စ်တာ ပိုင်ဆိုင်သည့် အစုရှယ်ယာ ၄၅ ရာခိုင်နှုန်းခန့်ကို ဝယ်ယူရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။

အမေရိကန် စီးပွားရေးလုပ်ငန်းရှင် ဂျွန်တက်စ်တာသည် ၎င်းပိုင်ဆိုင်သည့် Raine Group က အဲဗာတန်အသင်း၏ အစုရှယ်ယာများကိုဝယ်ယူရန် စိတ်ဝင်စားနေသည့်အတွက် တက်စ်တာက ပဲလေ့စ်အသင်းမှ အစုရှယ်ယာ ၄၅ ရာခိုင်နှုန်းကို ပြန်လည်ရောင်းချရန် စီစဉ်ခဲ့သဖြင့် Global Sports ကုမ္ပဏီက စတာလင်ပေါင် သန်း ၂၃၀ ဖြင့်ဝယ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပဲလေ့စ်အသင်း၏ တန်ဖိုးမှာ စတာလင်ပေါင် သန်း ၅၀၀ ထိရှိသော်လည်း လက်ရှိတွင် Global Sports ကုမ္ပဏီက အစုရှယ်ယာ ၄၅ ရာခိုင်နှုန်းဖြစ်သည့် စတာလင်ပေါင် သန်း ၂၃၀ ဝန်းကျင်ကိုဝယ်ယူရန် ပဲလေ့စ်အသင်း ဥက္ကဋ္ဌ စတိဗ်ပါရစ်နှင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

ပဲလေ့စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် တစ်ပွဲသာ အနိုင်ရခဲ့ပြီး ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၇)တွင် ရောက်ရှိနေသောကြောင့် တန်းဆင်းဇုန်အန္တရာယ်နှင့် ရင်ဆိုင်နေရသော်လည်း စပါးအသင်းကို အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် အေဗီလာအသင်းကို ထပ်မံအနိုင်ရခဲ့သောကြောင့် ခြေစွမ်းပိုင်းတိုးတက်လာခဲ့ကြောင်း သိရသည်။

**Ref : Daily Mail**

**Trs : ML**

# Paris Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဟမ်ဘက်တက်ရောက်

ပဲရစ် နိုဝင်ဘာ ၁

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် အယ်ကာရက်ဇ်နှင့် ပြင်သစ်တင်းနစ်ကစားသမား ဟမ်ဘက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟမ်ဘက်က(၆-၁၊ ၃-၆၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟမ်ဘက်အနေဖြင့် အယ်ကာရက်ဇ်အား အနိုင်ရရှိခဲ့ခြင်းနှင့် ပတ်သက်ပြီး ကစားသမားဘဝအတွက် အကြီးမားဆုံးသော အောင်မြင်မှု တစ်ရပ်ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

အယ်ကာရက်ဇ် အနေဖြင့် ဗိုလ်စွဲရန် ရေပန်းစားနေသလို ထင်မှတ်မထားသော ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ဟမ်ဘက်က “အယ်ကာရက်ဇ်နဲ့ကစားရတော့မယ်လို့ သိလိုက်ရတဲ့အချိန် ကျွန်တော့်အတွက်တော့ တကယ့်ကိုခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်လာမယ်လို့ ကြိုတင်မျှော်တွေးပြီးသားပါ။ အနိုင်ရဖို့မဖြစ်နိုင်ဘူးဆိုတာကိုလဲ စိတ်ထဲမှာခံစားမိတယ်။ ဒါပေမဲ့လဲ ပွဲပြီးသွားပြီး ကျွန်တော်အနိုင်ရသွားတယ်လို့ သိလိုက်ရတဲ့အချိန် အရမ်းကို ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော့်ဘဝအတွက် အကြီးမားဆုံး အောင်ပွဲပါပဲ”ဟု ပြောကြားခဲ့သည်။



ဟမ်ဘက်သည် ကွာတားဖိုင်နယ်အဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား တွမ်ဆင်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်



**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Bank Mandalar Futsal League 2024ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက်တွင် မန္တလာသီရိအားကစားကွင်းရှိ ဘက်စုံသုံးအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် ကျင်းပနေခြင်းဖြစ်ပြီး နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၉)ပွဲစဉ်များကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် MNN အသင်းနှင့် Mogyo အသင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် Black Wolves အသင်းနှင့် KH အသင်း၊ နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီတွင် Pyae Sone အသင်းနှင့် Arr Man အသင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် 135 Family အသင်းနှင့် TG United အသင်း၊ နံနက် ၁၁ နာရီတွင် BTB အသင်းနှင့် AKS အသင်းတို့ ကစားသွားမည်ဖြစ်ပြီး နောက်ဆုံးပွဲစဉ် အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲတွင် AKS က ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေသော်လည်း TG United အသင်းက ရမှတ် ၂၁ မှတ်ဖြင့် ဒုတိယနေရာမှ ဖိအားပေးနေသောကြောင့် ချန်ပီယံဆုအတွက် နောက်ဆုံးပွဲစဉ်ထိ အကြိတ်အနယ် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# Myanmar Football Academies Tournament 2024 ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၆ ရက်ထိ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အကယ်ဒမီအသင်းများ၊ ISPE အသင်းများ ပါဝင်ယှဉ်ပြိုင်မည့် Myanmar Football Academies Tournament 2024 ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၆ ရက်ထိ အသင်းပေါင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် Myanmar Football Academies Tournament ကို နှစ်စဉ် ကျင်းပလေ့ရှိပြီး စာသင်နှစ်အလိုက် အကယ်ဒမီ ကျောင်းသားများနှင့် နည်းပြများ၏ တိုးတက်မှုများကိုစစ်ဆေးရန်၊ အကယ်ဒမီ ကျောင်းသားများ အတွက် ပြိုင်ပွဲအတွေ့အကြုံကောင်းများရရှိရန်၊ သက်တမ်းအလိုက် လက်ရွေးစင်အသင်းများ အတွက် ကစားသမား ကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

အစောပိုင်းနှစ်များက Myanmar Football Academies Tournament 2024 ပြိုင်ပွဲကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အကယ်ဒမီအသင်းများဖြင့်သာ ကျင်းပခဲ့သော်လည်း ယခုနှစ်ပြိုင်ပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံမှ ISPE အသင်းများလည်း ပါဝင်လာမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်)မှ အသင်းနှစ်သင်း၊ မြန်မာဘောလုံး အကယ်ဒမီ(မန္တလေး)မှ အသင်းသုံးသင်း၊ နေပြည်တော်အကယ်ဒမီမှ အသင်းတစ်သင်း၊ ISPE (ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မော်လမြိုင်) အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း ၁ နှင့် ၂ တွင် တစ်နေ့ လေးပွဲနှုန်းဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# Queensland PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဖီးနစ်ကမ်းဘဲလ် ဦးဆောင်

**ကွင်းစလန်း နိုဝင်ဘာ ၁**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ကျင်းပနေသည့် Queensland PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် လက်ရှိချန်ပီယံ ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ဖီးနစ်ကမ်းဘဲလ်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဒေါလင်းက သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အိုဒိုနိုဗန်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

လက်ရှိချန်ပီယံဖြစ်သူ ဖီးနစ်ကမ်းဘဲလ်အား အဓိကစိန်ခေါ်နိုင်သည့် ကမ္ဘာ့အဆင့်ကစားသမားဖြစ်သူ ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ကင်မရွှန်းစမစ် အနေဖြင့် ပထမနေ့၌ပင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဖီးနစ်ကမ်းဘဲလ်နှင့် ငါးချက်ထိ ကွာဟနေသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

ဖီးနစ်ကမ်းဘဲလ်က “ပထမနေ့မှာ ရလဒ်ကောင်းရခဲ့ပေမဲ့လဲ ကျွန်တော့်အနေနဲ့ စွမ်းဆောင်ရည်ကောင်းတွေ မပြနိုင်ခဲ့ဘူး။ ကျွန်တော် လုပ်နိုင်တာထက်ကို စွမ်းဆောင်ရည်တွေ နိမ့်ကျခဲ့တယ်။ ဒါပေမဲ့လဲ ဒုတိယနေ့ကို အမှတ်ပေးဇယား ဦးဆောင်သူတစ်ယောက်အနေနဲ့ ဆက်လက်ယှဉ်ပြိုင်ခွင့်ရမှာကို ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော့်ရဲ့ ရည်မှန်းချက်က လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ဖို့ပဲဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် ကစားသမားတွေ ပါဝင် ယှဉ်ပြိုင်နေတဲ့အတွက် ပထမနေ့ကရလဒ်ကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ပရီးမီးယားလိဂ် ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

ML

**စပါး** Vs **အေဗီလာ**

ကစားမည့်ရက်/အချိန် ၃-၁၁-၂၀၂၄ (ည ၀၈း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေဗီလာ ၀ - ၄ စပါး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| စပါး | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |
| အေဗီလာ | - | အိမ်(နိုင်) | အိမ်(သရေ) | အိမ်(ရှုံး) |

စပါးအသင်းဟာ ဖလားပြိုင်ပွဲမှာ မန်စီးတီးကို နိုင်ပွဲရခဲ့တာကြောင့် ယုံကြည်မှုအားကောင်းနေသလို အိမ်ကွင်းပွဲစဉ်တွေမှာလဲ တိုက်စစ်ကဂိုးသွင်းအားကောင်းနေတာဖြစ်ပါတယ်။ အေဗီလာအသင်းကတော့ ပြီးခဲ့တဲ့ပွဲမှာ ပဲလေ့စ်ကို အိမ်ကွင်းမှာရှုံးနိမ့်ခဲ့တဲ့ ခြေစွမ်းပိုင်းက မေးခွန်းထုတ်စရာဖြစ်နေသလို နောက်ဆုံးကစားခဲ့တဲ့နှစ်ပွဲမှာ နိုင်ပွဲပျောက်ဆုံးခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်းကောင်းတဲ့ စပါးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

ခန့်မှန်းရလဒ် စပါး ၂ - ၁ အေဗီလာ

# အီတလီစီးရီးအေ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

ML

**နာပိုလီ** Vs **အတ္တလန်တာ**

ကစားမည့်ရက်/အချိန် ၃-၁၁-၂၀၂၄ (ည ၀၆း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နာပိုလီ ၀ - ၃ အတ္တလန်တာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နာပိုလီ | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| အတ္တလန်တာ | - | အိမ်(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

နည်းပြကွန်တီလက်ထက်မှာ ပုံစံကောင်းရနေတဲ့ နာပိုလီဟာ အသင်းကြီးတွေနဲ့ဆို ရလဒ်ကောင်းနေတာကိုတွေ့ရမှာပါ။ အတ္တလန်တာကလဲ နောက်ဆုံးခုနစ်ပွဲဆက် ရှုံးပွဲမရှိခဲ့ပေမဲ့ ခံစစ်ပိုင်းက တည်ငြိမ်မှုအားနည်းနေပါတယ်။ ဒါကြောင့် အိမ်ရှင်ပဲ ရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ် နာပိုလီ ၁ - ၀ အတ္တလန်တာ

# စပိန်လာလီဂါ ပွဲစဉ်(၁၂) ပွဲကြိုသုံးသပ်ချက်

STA

**အေတီကို** Vs **လက်ပါးမက်**

ကစားမည့်ရက်/အချိန် ၃-၁၁-၂၀၂၄ (ည ၀၇း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေတီကို ၅ - ၀ လက်ပါးမက်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေတီကို | - | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(နိုင်) |
| လက်ပါးမက် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

အိမ်ကွင်းဆိုရင် ကစားပုံတည်ငြိမ်မှုရှိတဲ့ အေတီကိုအသင်းဟာ လက်ပါးမက်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ လက်ပါးမက်အသင်းကလဲ ပုံစံကောင်းရရှိနေတယ်ဆိုပေမဲ့ အေတီကိုအသင်းကိုတော့ ရင်ဆိုင်ရခက်ခဲမှာပါ။ ဒါကြောင့် အေတီကိုအသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - အေတီကို ၃ - ၁ လက်ပါးမက်

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၉) ပွဲကြိုသုံးသပ်ချက်

STA

**ဖရိုင်းဘတ်** Vs **မိန့်ဇ်**

ကစားမည့်ရက်/အချိန် ၃-၁၁-၂၀၂၄ (ည ၀၉း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖရိုင်းဘတ် ၁ - ၁ မိန့်ဇ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |
| မိန့်ဇ် | - | အိမ်(ရှုံး) | အိမ်(သရေ) | အိမ်(ရှုံး) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ ဖရိုင်းဘတ်အသင်းဟာ အခုပွဲစဉ်မှာ မိန့်ဇ်အသင်းကို အကောင်းဆုံးဖိအားပေး ကစားနိုင်မှာပါ။ မိန့်ဇ်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲရှုံးနိမ့်ခဲ့တဲ့ထိ ဆိုးရွားနေပါတယ်။ ဒါကြောင့် ဖရိုင်းဘတ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဖရိုင်းဘတ် ၂ - ၀ မိန့်ဇ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် မေတ္တာရိပ်အောက် ရောက်ရှိစဉ် အပိုင်း(၅)

## လင်းလက်

**❖လိုချင်တပ်မက်ခြင်း လောဘ၊ အမျက်ရန်ငြိုးထားခြင်း ဒေါသ၊ အမှားအမှန်မသိ တွေဝေမိုက်မဲခြင်း မောဟ စသည်တို့သည် ကျင့်ဝတ်ဖောက်ဖျက်ရခြင်း၏ အဓိကအကြောင်းတရားများပင်ဖြစ်သည်။ နေ့စဉ် ပြုမူ ပြောဆို လုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် "အတ္တဟိတ" ဆိုသည့် ကိုယ်ကျိုးကိုပယ်ခွာ၍ "ပရဟိတ" ဆိုသည့် အများအကျိုးတို့ကို ဦးထိပ်ထားဆောင်ရွက်နေရသည့် ဝန်ထမ်းများအနေဖြင့် မှန်ကန်မျှတစွာ ရပ်တည်ဆောင်ရွက်နိုင်ရန်အတွက် ထိန်းသိမ်းတည့်မတ်ပေးမည့် လူ့ကျင့်ဝတ်များကို လက်ကိုင်ထားကာ ဘဝအမှားများကို ဖယ်ရှားနိုင်ရေးက အလွန်အရေးကြီးသည်။ ❖**

### သန့်ရှင်းသောအစိုးရဖြစ်စေဖို့

ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရတစ်ရပ်ကိုအကောင်အထည်ဖော်ရာတွင် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တိုးတက်ရေးက အရေးကြီးသည်။ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ကျင့်ဝတ်လိုက်နာစောင့်ထိန်းခြင်းသည် အဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စေသကဲ့သို့ အစိုးရနှင့် ပြည်သူကြား ရှိရင်းစွဲယုံကြည်မှုများကို ပိုမိုခိုင်မာစေသဖြင့် "International Code of Conduct for Public Officials" ကို ၁၉၉၆ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ "အများပြည်သူဆိုင်ရာ အရာရှိများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိစွာ ဆောင်ရွက်နိုင်စေရန်၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန်၊ မျှတစွာနှင့် ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်တတ်စေရန်၊ အကျိုးစီးပွားပဋိပက္ခဖြစ်ပွားမှုများမရှိစေရန်" စသည်တို့ကို ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်းထားသည်။

အစိုးရတစ်ရပ်အနေဖြင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု၏ အခြင်းအရာများကို လက်ကိုင်ထားကာ နိုင်ငံကို စီမံအုပ်ချုပ်ရမည်ဖြစ်သကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးစနစ်များတွင်လည်း အဂတိလိုက်စားမှုများ လွယ်လင့်တကူဖြစ်ပေါ်စေနိုင်မည့် အခြေအနေများကိုလည်း ထိရောက်သည့်မဟာဗျူဟာများချမှတ်ကာ တားဆီးကာကွယ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ အစိုးရတစ်ရပ်အနေဖြင့် အဂတိလိုက်စားမှုကင်းစင်သော၊ သန့်ရှင်းသောအစိုးရတစ်ရပ်ကို ပီပီပြင်ပြင် ပုံဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

### ကျင့်ဝတ်စောင့်ထိန်းရေး

ဌာနအဖွဲ့အစည်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုလုပ်ငန်းရပ်များကို သမာသမတ်ကျစွာနှင့် ဖြောင့်မတ်တည်ကြည်မှုရှိစွာ လုပ်ဆောင်နေကြသည့် အဆင့်မြင့်အရာရှိများ၏ လုပ်ငန်းခွင်အတွင်း ကျင့်ဝတ်စောင့်ထိန်းမှုများသည် အဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရတစ်ရပ်ကို အကောင်အထည်ဖော်ရေးတို့တွင် များစွာအရေးကြီးသည်။ အစိုးရယန္တရား၏ အစိတ်အပိုင်းများ (Pinion) ဖြစ်သည့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရသော ဝန်ထမ်းများအနေဖြင့်လည်း အများပြည်သူဝန်ဆောင်မှုအတွက် ပေးအပ်ထားသော လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်ကာ ကိုယ်ကျိုးစီးပွားဦးတည်သော ပြုမူလုပ်ဆောင်မှုများသည်လည်း အစိုးရယန္တရားလည်ပတ်မှုကို နှောင့်နှေးစေပြီး အစိုးရ၏ပုံရိပ်ကို ထိခိုက်စေကာ အစိုးရအပေါ် အများပြည်သူ၏ ယုံကြည်မှုကို လျော့နည်းကျဆင်းစေသည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်တွင် ဖွင့်လှစ်နေသည့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၁၈) တွင် "စီမံခန့်ခွဲအုပ်ချုပ်မှု ကိုယ်ကျင့်တရားပညာနှင့် ကျင့်ဝတ်ပြဿနာ" ခေါင်းစဉ်ဖြင့် မန္တလာတက္ကသိုလ်မှ ဆရာတစ်ဦးက လာရောက်ဆွေးနွေးခဲ့သည်။

ကျင့်ဝတ်ဆိုသည်မှာ "လိုက်နာစောင့်ထိန်းအပ်သောဝတ္တရား" ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ "ကျင့်ဝတ်ဆိုသည်မှာ မိမိတို့ မည်သို့အသက်ရှင်နေထိုင်သင့်သည်၊ မည်သည့်အပြုအမူတို့ကို မှန်မှန်ကန်ကန် ဆောင်ရွက်သင့်သည်တို့နှင့် စပ်လျဉ်းသည့် လူ့တန်ဖိုးသဘောတရားများကို နားလည်သဘောပေါက်သည်ထိ ကြိုးပမ်းခြင်းဖြစ်သည်" ဟု အတွေးအခေါ်ပညာရှင် နော်မန်က အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ လိုချင်တပ်မက်ခြင်း လောဘ၊ အမျက်ရန်ငြိုးထားခြင်း ဒေါသ၊ အမှားအမှန်မသိတွေဝေမိုက်မဲခြင်း မောဟ စသည်တို့သည် ကျင့်ဝတ်ဖောက်ဖျက်ရခြင်း၏ အဓိက အကြောင်းတရားများပင်ဖြစ်သည်။ နေ့စဉ် ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် "အတ္တဟိတ" ဆိုသည့် ကိုယ်ကျိုးကို ပယ်ခွာ၍ "ပရဟိတ" ဆိုသည့် အများအကျိုးတို့ကို ဦးထိပ်ထားဆောင်ရွက်နေရသည့် ဝန်ထမ်းများအနေဖြင့် မှန်ကန်မျှတစွာ ရပ်တည်ဆောင်ရွက်နိုင်ရန်အတွက် ထိန်းသိမ်းတည့်မတ်ပေးမည့် လူ့ကျင့်ဝတ်များကို လက်ကိုင်ထားကာ ဘဝအမှားများကို ဖယ်ရှားနိုင်ရေးက အလွန်အရေးကြီးသည်။

### နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်

နိုင်ငံအများအပြားတွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် နိုင်ငံ့ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကိုယ်ကျင့်သိက္ခာနှင့် အပြုအမူဆိုင်ရာများအပေါ် တန်ဖိုးထားလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျင့်ဝတ်များကို ရေးဆွဲပြဋ္ဌာန်းထားကြသည်။ မြန်မာနိုင်ငံတွင် ဝန်ထမ်းကျင့်ဝတ်စာစောင်ကို ၁၉၉၁ ခုနှစ်ကတည်းက ပြုစုထုတ်ဝေထားသည်ကို တွေ့ရပြီး ခေတ်စနစ်နှင့်အညီ ဖြစ်စေရန် ၂၀၀၄ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ပြင်ဆင်ခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတော်နှင့် ပြည်သူလူထုပိုင် ပစ္စည်းဥစ္စာ၊ ဘဏ္ဍာငွေများကို ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်နေရသည့် ဝန်ထမ်းများအနေဖြင့် ကိုယ်ကျင့်တရားဆိုင်ရာ စံတန်ဖိုးများကိုအလေးထားကာ ပြည်သူလူထုအကျိုးစီးပွားကို အလေးထားဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းထားခြင်းသာဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်များသည် အဆင့်မြင့်အရာရှိများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်ကျင့်တရားဆိုင်ရာ စံတန်ဖိုးများကို ထိန်းသိမ်းတည့်မတ်ပေးပြီး ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရတစ်ရပ်ကို ဖန်တီးပုံဖော်နိုင်ရေး လိုအပ်သည့် စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျဆောင်ရွက်နိုင်ရေး တည့်မတ်ပေးသည်။ ထို့ပြင် ကိုယ်ကျင့်တရားကို ပျက်စီးစေသည့် အဂတိလိုက်စားမှုများ ကင်းဝေးစေရေးအတွက်လည်း ပြဋ္ဌာန်းချက်များပါဝင်သည်။ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပိုဒ် ၁ (ဈ) တွင် "ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူပြုခြင်း"၊ အပိုဒ် ၇ (ဌ) တွင် "လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်း" နှင့် ၇ (ဍ) တွင် "တာဝန်အရ ဆောင်ရွက်ရန်ရှိသည့် အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့် လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း" တို့ကို ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

အဆင့်မြင့်အရာရှိများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ကျင့်ဝတ်စောင့်ထိန်း၍ အဂတိလိုက်စားမှု ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၂၂ ခုနှစ် မေ ၂၈ ရက်တွင် "နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ" ကို ထုတ်ပြန်ခဲ့သည်။ ဝန်ထမ်းများ၏ နေ့စဉ်လုပ်ငန်း ဆောင်ရွက်မှုများတွင် ကျင့်ဝတ်ချိုးဖောက်သည့် အပြုအမူများမှသည် အဂတိလိုက်စားမှုများဆီသို့ ဦးတည်သွားနိုင်မည့် အခြေအနေများမှ ကင်းကွာနိုင်စေရန် စံတန်ဖိုးများ အပိုဒ် ၁၄ (က) တွင် "အဂတိတရားကင်းရှင်းစွာ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးရန်" သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်သည်။နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများကို လိုက်နာခြင်းဖြင့် အများပြည်သူအကျိုးကို ထိရောက်စွာ ထမ်းဆောင်နိုင်ပြီး အများပြည်သူ၏ ယုံကြည်မှုကို ရယူနိုင်ကာ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရတစ်ရပ်ကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သည်။

### စီမံအုပ်ချုပ်မှုဆိုသည်မှာ

စီမံအုပ်ချုပ်မှု၏ သဘောသဘာဝနှင့် အဓိကအနှစ်သာရမှာ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်၍ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံခန့်ခွဲအုပ်ချုပ်မှုပညာရပ်များကို လက်တွေ့အသုံးပြုနေရသည့် အဆင့်မြင့်အရာရှိများအနေဖြင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ကိုယ်ကျင့်တရားပညာကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်လာမည်ဖြစ်ပြီး ဝန်ထမ်းများအပေါ် ကျင့်ဝတ်နှင့်အညီ စီမံခန့်ခွဲအုပ်ချုပ်နိုင်မည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မှန်ကန်တည့်မတ်သည့် အတွေးအခေါ်များရှိပြီး ကျင့်ဝတ်ဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် အများပြည်သူအကျိုးကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သဖြင့် နိုင်ငံ့ဝန်ထမ်းများကြားတွင် ကိုယ်ကျင့်တရားပညာနှင့် ကျင့်ဝတ်စံတန်ဖိုးများကို သင်ကြားပို့ချပေးနေရခြင်းဖြစ်သည်။

ကိုယ်ကျင့်တရားဆိုင်ရာပညာရပ်သည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများကြား ယုံကြည်မှုတည်ဆောက်ရာတွင် အခရာကျလှသည်။ ကိုယ်ကျင့်တရားဆိုင်ရာပညာရပ်များကို နားလည်သဘောပေါက်ပြီး ကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာဝတ်ဆင်ထားကြမည်ဆိုပါက အများပြည်သူ၏ ယုံကြည်မှုကို ယခုထက် ပိုမိုရရှိနိုင်သည်။ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှု စသည့် ကိုယ်ကျင့်တရားပညာဆိုင်ရာ စံနှုန်းများကို လက်ကိုင်ထားကာ ကြုံတွေ့လာနိုင်သည့် ကျင့်ဝတ်ဆိုင်ရာအကျပ်အတည်းများကို ကျော်လွှားဖြေရှင်းနိုင်မည်ဖြစ်သည်။

### မိမိတို့၏ တာဝန်

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးကို အစဉ်သယ်ပိုးနေရသူများဖြစ်သဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများကို လိုက်နာရန် အရေးကြီးသည်။ အတ္တစိတ်နှင့် မကင်းသည့် သဘောရှိသည့် လူသားတို့သည် ကိုယ်ကျိုးစီးပွားနှင့် ယှဉ်လာသည့်အခါတွင် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ပိုင်းခြားဝေဖန်နိုင်စွမ်းကင်းမဲ့သွားပြီး အများပြည်သူဘဏ္ဍာရန်ပုံငွေများကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုလာတတ်သည်။ နိုင်ငံ့ဝန်ထမ်းများ၏တာဝန်မှာ အများပြည်သူ၏ လူမှုစီးပွားဘဝကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပြီး အများပြည်သူဆိုင်ရာ ဘဏ္ဍာရန်ပုံငွေများကို အလွဲသုံးစားမပြုရန်က အဓိကဖြစ်သည်။ မတရားသော နည်းလမ်းများဖြင့် ဝင်ငွေရှာဖွေကာ အဂတိလိုက်စားမှုများကို ကျူးလွန်ခြင်းသည် သူတစ်ပါးပစ္စည်းဥစ္စာကို မတရားရယူခြင်းသာဖြစ်သဖြင့် လူကျင့်ဝတ်ကို ချိုးဖောက်၍ လူသားမဆန်သော၊ လူမပီသသော လုပ်ရပ်များကို လုပ်ခြင်းပင်ဖြစ်သည်။ လူ့ကျင့်ဝတ်များကို ချိုးဖောက်၍ အဂတိလိုက်စားမှုများကို ကျူးလွန်သူများသည် "လဆုတ်သောအခါ လမင်း၏ အရောင်အဝါသည် တစ်နေ့တခြား လျော့ပါး ဆုတ်ယုတ်လာသကဲ့သို့ စည်းစိမ်ဥစ္စာနှင့် အခြံအရံ ကျော်စောမှုများသည် တစ်နေ့တခြား လျော့ပါး ဆုတ်ယုတ်တတ်သည်" ဟု သိင်္ဂါလောဝါဒသုတ်တွင် မြတ်စွာဘုရားရှင်က သိင်္ဂါလသတို့သားကို ဟောကြားခဲ့သည်။

### ကျင့်ဝတ်လိုက်နာကြပါစို့

အဆင့်မြင့်အရာရှိများအပါအဝင် နိုင်ငံ့ဝန်ထမ်းများသည် အပါး ၃၀ သော ကျင့်ဝတ်များကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာထိန်းသိမ်းရင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေကြသူများဖြစ်သည်။ သို့ဖြစ်ရာ အဆင့်မြင့်အရာရှိများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ လေ့ကျင့်သင်ကြားပေးနေသည့် စီမံခန့်ခွဲအုပ်ချုပ်မှု၊ ကိုယ်ကျင့်တရားပညာနှင့် ကျင့်ဝတ်စံနှုန်းများကို လေးစားလိုက်နာခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်သယ်ပိုးနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်။**
- **နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ။**

# ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်



ပြည် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၈ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးမြတ်စိုးက ပြောပြ၍ သိရသည်။

လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၈ ရက်နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်ပူဇော်ပွဲ၊ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနှင့် သံဃာတော်အရှင်သူမြတ် ၁၀၉ ပါးအား ဆွမ်းဆန်တော်လောင်းလှူပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့ ရွှေဆံတော်စေတီတော်ရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ စေတီတော်ရင်ပြင်မှာရှိတဲ့ မြတ်စွယ်တော်တိုက်မှာ တစ်နှစ်တာကိန်းဝပ်နေတဲ့ ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲကိုတော့ တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှာ ကျင်းပပြီး ရင်ပြင်တော်ပေါ်မှာ အပူဇော်ခံမှာဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်မှာတော့ ရင်ပြင်တော်မှာ အပူဇော်ခံနေတဲ့ မြတ်စွယ်တော်ကို တစ်နှစ်တာကိန်းဝပ်စံပယ်တော်မူမဲ့ မြတ်စွယ်တော်တိုက်ကိုပြန်လည်ပင့်ဆောင်မှာဖြစ်ပါတယ်"ဟု ဦးမြတ်စိုးက ပြောပြသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်က မြတ်စွယ်တော်လှည့်လည်ပွဲမပါဝင်ဘဲ ကျင်းပရန်စီစဉ်ထားသော်လည်း ယခုအခါ အစဉ်အလာအတိုင်း မြတ်စွယ်တော်ပူဇော်ပွဲကို ထည့်သွင်းကျင်းပမည်ကြောင်း သိရသည်။ ASH

# Roofman ဇာတ်ကားကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ရုံတင်ရန် စီစဉ်

နယူးယောက် နိုဝင်ဘာ ၁

Paramount ရုပ်ရှင်ကုမ္ပဏီသည် Roofman အမည်ရှိ ဖြစ်ရပ်မှန်မှုခင်းဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

Roofman ဇာတ်ကားသည် အကျဉ်းထောင်မှထွက်ပြေးလွတ်မြောက်လာပြီး ကလေးကစားစရာ အရုပ်ဆိုင်တစ်ဆိုင်ထဲ၌ ပုန်းအောင်းနေထိုင်ခဲ့ရသော သူခိုးတစ်ဦး၏ ဘဝအလှည့်အပြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ချန်နင်းတာတမ်၊ ပီတာ ဒင်းကလိတ်နှင့်မင်းသမီး ကားစတန် ဒန့်တို့ပါဝင်မည်ဖြစ်ပြီး Roofman ဇာတ်ကားကို ဒါးရက်စီယန်ဖရင့်က ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ချန်နင်းတာတမ်က အဓိကဇာတ်ကောင် ထောင်ဖောက်တရားခံပြေးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

Roofman ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် ဆောင်းရာသီတွင်စတင်ရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# တေးသံရှင် မိစန္ဒီတို့ဇနီးမောင်နှံ၏ မင်္ဂလာနှစ်ပတ်လည် အမှတ်တရအလှူအဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် လူဦးရေ ၁၀၀၀ ကို စတုဒိသာကျွေးမွေး

ရန်ကုန် နိုဝင်ဘာ ၁

တေးသံရှင် မိစန္ဒီတို့ဇနီးမောင်နှံ၏ မင်္ဂလာနှစ်ပတ်လည် သုံးနှစ်ပြည့် အမှတ်တရအလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် လူဦးရေ ၁၀၀၀ ကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက မုန့်ဟင်းခါး စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း တေးသံရှင် မိစန္ဒီက ပြောပြ၍ သိရသည်။

အဆိုပါ မုန့်ဟင်းခါးစတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၈) ရပ်ကွက် ဓေဒင်လမ်း၌ ပြုလုပ်ခဲ့ပြီး အဆိုပါရပ်ကွက်အတွင်းမှ မိသားစုများကို ကျွေးမွေးလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ တေးသံရှင် မိစန္ဒီတို့ဇနီးမောင်နှံ၏မင်္ဂလာနှစ်ပတ်လည် သုံးနှစ်ပြည့် အမှတ်တရအလှူသို့ တေးသံရှင် ဟိဏ်းသစ်၊ အောင်ထက်နှင့် ဂီတအသိုင်းအဝိုင်းမှ မိတ်ဆွေများ လာရောက်ခဲ့ကြကြောင်း သိရသည်။

"ဒီနေ့က မိစန္ဒီတို့နှစ်ယောက်ရဲ့



မင်္ဂလာလက်မှတ်ရေးထိုးတဲ့ ရက်ပါ။ မင်္ဂလာနှစ်ပတ်လည် သုံးနှစ်ပြည့်ဆိုတော့ ထူးထူးခြားခြားလေး လဲဖြစ်အောင် အမှတ်တရလေး တစ်ခုအနေနဲ့ အလှူလေးလုပ်ဖြစ်တာပါ။ အရင်နှစ်တွေကတော့ ဘုန်းကြီးကျောင်းမှာပဲ လှူဖြစ်တယ်။ ကိုယ့်သူငယ်ချင်းတွေက စားတာပဲဖြစ်ဖြစ်၊ ကိုယ့်ကိုကျွေးတာပဲဖြစ်ဖြစ် ပီတိဖြစ်တတ်တဲ့သူမျိုးဆိုတော့လေ။ အမှတ်တရလာပြီးတော့ စားကြလို့လဲ ပျော်ရပါတယ်။ နှစ်စဉ်လဲ အလှူတွေလုပ်ဖို့ ရှိပါတယ်"ဟု တေးသံရှင် မိစန္ဒီက ပြောပြသည်။

တေးသံရှင် မိစန္ဒီသည် လတ်တလော အနုပညာလုပ်ရှားမှုအနေဖြင့် တေးသီချင်း အယ်လ်ဘမ်သစ်ကို ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ထွက်ရှိလာနိုင်ရန် ပြင်ဆင်နေကြောင်း၊ အဆိုပါ တေးသီချင်း အယ်လ်ဘမ်သစ်တွင် ကိုယ်တိုင်ရေး အသည်းကွဲသီချင်းသစ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Hammer Down အက်ရှင်ဇာတ်ကား၌ အင်္ဂလိပ်မင်းသား အိုက်ဒရစ်အယ်ဘာ ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၁

Hammer Down အမည်ရှိ အက်ရှင်ဇာတ်ကားသစ်တွင် အင်္ဂလိပ်မင်းသား အိုက်ဒရစ်အယ်ဘာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

Hammer Down ဇာတ်ကားတွင် မင်းသား အိုက်ဒရစ်အယ်ဘာသည် ထုတ်လုပ်သူတစ်ဦးအဖြစ် ပါဝင်မည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ကြေးစား ကုန်တင်ယာဉ်မောင်းတစ်ဦးနှင့် ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းတို့ တိုက်ပွဲကိုပုံဖော်ရိုက်ကူးမည့် အက်ရှင် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား အိုက်ဒရစ်အယ်ဘာက အဓိကဇာတ်ကောင် ကြေးစား ကုန်တင်ယာဉ်မောင်းအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။


Hammer Down ဇာတ်ကားကို ဒါရိုက်တာ ဆိုင်မွန်ဟက်က ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်းရေးသားပြီး ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Hammer Down ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# သူစေညွှန်ရာ ရုပ်သံဇာတ်လမ်းတွဲကို SkyNet ရုပ်သံလိုင်း၊ SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်

ရန်ကုန် နိုဝင်ဘာ ၁

သူစေညွှန်ရာ ရုပ်သံဇာတ်လမ်းတွဲကို Sky Net ရုပ်သံလိုင်း၊ SKY-PREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကျော်ဇိုဇိုသာက ပြောပြ၍ သိရသည်။

သူစေညွှန်ရာ ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ကျော်ဇိုဇိုသာက ရေးသားကာ ဒါရိုက်တာ ကျော်ဇိုဇိုသာကပင် တာဝန်ယူရိုက်ကူးထားသည့် ရုပ်သံဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"မိခင်ရဲ့ အလိုလိုက်ခံရလွန်းရာက ဆိုးမိုက်ချင်တိုင်း ဆိုးမိုက်တေလေခဲ့သူ လမ်းများပေါ်က လူငယ်လေးတစ်ယောက်စိတ်ရဲ့ စေညွှန်ရာအတိုင်း လိုက်ပါကပြမိတဲ့အခါမှာတော့ ဘယ်လိုဆိုးကျိုးတွေ ကြုံလာရမလဲဆိုတာ ဒီဇာတ်လမ်းတွဲလေးမှာ မြင်ရမှာပါ"ဟု ဒါရိုက်တာ ကျော်ဇိုဇိုသာက ပြောပြသည်။

သူစေညွှန်ရာ ရုပ်သံ ဇာတ်လမ်းတွဲတွင်သရုပ်ဆောင် ဟန်နသစ်ထူး၊ Ricky Han၊ ခန့်ကျော်၊ ဘုန်းမြတ်သိခ်၊ နော်နီရာမိုး ၊ ဖူးနေခြည်ရွှန်းလဲ့၊ နှင်းအိန္ဒြာဝေနှင့် အခြားအနုပညာရှင်များ ပါဝင်ပြီး အဆိုပါ ဇာတ်လမ်းတွဲကို နိုဝင်ဘာ ၈ ရက်မှစ၍ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၉ နာရီ မိနစ် ၃၀ တွင် SkyNet ရုပ်သံလိုင်း၊ SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

ASH

# 70,000 bags of Thai Baygya paddy sent to Yangon market in September


Bags of rice being loaded onto a truck.

**Nyaungdon November 1**

Local businesspersons from Nyaunggon Township of Ayeyawady Region supply 70,000 bags of Thai Baygya paddy to Yangon market in September, said Daw Khaing Kyaing Win, the owner of rice and paddy trading commodity centre in Nyaungdon Township.

It was reported that a total of 40,000 bags of Thai Baygya paddy was sent by local farmers from Nyaungdon Township to Yangon market in August but 70,000 bags in September.

Daw Khaing Khaing Win disclosed: “We sent 70,000 bags of Thai Baygya paddy to Yangon market in September alone. Local merchants mostly send agricultural produce to Yangon market. Thai Baygya is one of the paddy strains included in the non-premium quality. Now, demand is high from Yangon market to purchase Thai Baygya from us. At present, paddy price is high at the market at home and abroad.”

Thai Baygya paddy fetches K1.89 million per 100 baskets in Yangon market.

Kyaw Kyaw Lin

# Homalin Township cultivates over 63,000 acres of rain-fed rice

**Homalin November 1**

A total of 63,263 acres of rain-fed rice have been planted in Homalin Township, Homalin District, Sagaing Region this year, according to statistics from Department of Agriculture for Homalin Township.

During the 2024-2025 rain crops planting season, 64,290 acres of rain-fed rice are planned to be planted in Homalin Township, and 63,263 acres have been planted since June this year.

“We will provide the necessary technology and varieties to reach the target for rain-fed rice. We are conducting fieldwork so that the farmers can plant rain-fed rice on time,” said Daw Su Su Htwe, head of the Department of Agriculture for Homalin Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, providing education on prevention of pest infestation, preventing damage to crops and notifying the timely arrival of the harvested rice under the shelter.

206

# Mawlamyinegyun Township sends 66,000 bags of black bean to Yangon market

**Mawlamyinegyun November 1**

A total of 66,000 bags of black bean was sent to Yangon market from Mawlamyinegyun Township of Ayeyawady Region in September, said Daw Thida, the owner of pulses and beans trading in Mawlamyinegyun Township.

Local businesspersons sold 40,000 bags of black bean to Yangon market in August but 66,000 bags in September.

Daw Thida commented: “At present, demand is high to purchase back bean from Mawlamyinegyun Township. Moreover, foreign markets give offers to us for purchasing black bean. So, local businesspersons send black beans to Yangon market which exports it to China as the main trade partner. Now, demand is high at home and abroad to buy black bean from Mawlamyinegyun Township.”

At present, black bean fetches K125,000 per bag. So, those in the production chain of black bean are convenient in earning their incomes.

Kyaw Kyaw Lin


A pile of black beans.

# Iran holds ceremony to commemorate Hezbollah's slain leader Safieddine

**Tehran November 1**

Iran on Thursday held a ceremony in Tehran to commemorate Hashem Safieddine, head of Hezbollah's Executive Council, who was killed in an Israeli airstrike on Beirut earlier this month.

The ceremony, during which other slain leaders and commanders of the regional resistance groups were also commemorated, was attended by Iran officials, as well as the representatives of Hamas and Hezbollah.

During the ceremony, the attendees waved flags of Iran, Hezbollah, and Palestine and chanted slogans against Israel and the United States, according to the official news agency IRNA.

Speaking at the ceremony, Hezbollah's representative in Tehran and Hashem Safieddine's brother, Sayyed Abdallah Safieddine, hailed Iran for its support for the Lebanese group.

In remarks at the ceremony, Mohammad-Hassan Akhtari, head of Iran's presidential Committee of Support for the Islamic Revolution of the Palestinian People, said that the deaths of the resistance front's commanders "will not affect the resistance movement and Hezbollah will continue its path with strength."

Xinhua



A ceremony commemorating Hashem Safieddine, head of Hezbollah's Executive Council, and other slain leaders and commanders of the regional resistance groups, is held in Tehran, Iran, on Oct. 31, 2024.

# DPRK test-fires latest ICBM Hwasongpho-19

**Seoul November 1**

The Democratic People's Republic of Korea (DPRK) conducted a "crucial" test of its latest intercontinental ballistic missile (ICBM) Hwasongpho-19 on Thursday, the official Korean Central News Agency (KCNA) reported on Friday.

The missile flew a distance of 1,001.2 km for 5,156 seconds before landing on a preset area in the open waters off the country's east coast, and the test-fire had no negative effect on the security of neighboring countries, the KCNA report said.

The test updated the recent record of the strategic missile capability of the DPRK and demonstrated the modernity and credibility of the country's powerful strategic deterrent, and the latest strategic weapon system will function as "the primary core means" in defending the country, the KCNA said.

Kim Jong Un, general secretary of the Workers' Party of Korea and president of the State Affairs of the DPRK, guided the event, calling the test-fire "an appropriate military action" to show the country's counteraction will in response to the escalating security situation on the Korean Peninsula and part of "an indispensable process" in the course of constantly developing the DPRK strategic attack capabilities, the report said.

Citing "the security situation and ever-aggravating prospective threats and challenges" the country faces, the DPRK leader stressed the necessity of continuing to bolster up modern strategic attack capabilities and perfect the response posture of the nuclear force, and reaffirmed that "the DPRK would never change its line (policy) of bolstering up its nuclear forces," the report added.

Xinhua

# More than 33,000 acres of monsoon sesame harvested in Budalin Township


Farmers harvesting sesame.

**Budalin November 1**

The statistics of Budalin Township Agriculture Department stated that a total of 33,505 acres of monsoon sesame has been harvested in Budalin Township of Sagaing Region.

Local authorities earmarked 52,070 acres of monsoon sesame in Budalin Township this monsoon but local farmers planted 53,102 acres of crop exceeding the target. So far, farmers have planted 33.505 acres of monsoon sesame, yielding 18 baskets per acre.

U Phyo Wai, Head of Budalin Township Agriculture Department said: “Local farmers have planted 53,102 acres of monsoon sesame, 33,505 acres of which has been harvested. Our department helped local farmers in expanding sown acreage of sesame, boosting per-acre yield and using GAP system.”

This year, agricultural officials educated local farmers to expand sown acreage, use agricultural techniques and use GAP system with quality strains of crops for boosting per-acre yield.

The crops planted in GAP system can fetch good prices at markets at home and broad due to higher quality more than other crops. So, farmers can earn increased incomes in their businesses. 206

# Successful groundnut harvest: 12,732 acres cultivated in Kyaukmyaung Sub-Township this season

**Kyaukmyaung November 1**

In the Shwebo District of the Sagaing Region, it has been reported by the Agriculture Department of the Kyaukmyaung Sub-Township that 12,732 acres of groundnut crops have been harvested this rainy season. During this season, a total of 12,850 acres of groundnut were cultivated in the district. The harvesting commenced in August of this year, and to date, 12,732 acres have been completely harvested, with an average yield of 41.45 baskets per acre.

"The total area cultivated for groundnuts in the Kyaukmyaung Sub-Township was 12,867 acres, and we were able to plant groundnuts over 12,850 acres. Currently, the harvesting of these crops is ongoing. As of today, 12,732 acres have been fully harvested, and we are continuing with the harvesting process. The yield is successful, and there has been consistent progress in groundnut cultivation year by year," said Daw Khin Win, the head of the Agriculture Department of Kyaukmyaung Sub-Township.


Some workers harvesting groundnuts.

It has been noted that cultivating groundnuts in this region requires one specific variety of seeds per acre, with costs exceeding two million Kyats, inclusive of seed costs, labor wages, land fees, and pesticide expenses. When one acre is cultivated, yields can exceed 40 baskets.

To ensure the success of groundnut farms this year, the township's Agriculture Department staff have conducted inspections and documented records within the fields to prevent pest and disease outbreaks and to keep the fields clean. 206

# YCDC to publish Yangon map for townships and population

**Yangon November 1**

Yangon City Development Committee plans to publish the Yangon map comprising township maps of the region and populations, said U Aye Min Oo, leader of the Yangon map publishing team of YCDC.

The map consists of townships of Yangon Regon and population, township areas, main roads and streets, rivers, creeks, lakes, canals, sluice gates, railways, bridges and overpasses in detail. To have detail information, the team connected with local authorities.

U Aye Min Oo revealed: “We have arranged mapping information not only in the map book but in mobile phones. At present, we will allow readers for QR code for the first phase and then will arrange download facilities for readers for the second phase.”

The map publishing team was formed by the Relations and Information Department of YCDC for the visit Myanmar year in 1995. Design Printing Services Company published the map in 1996. At present, the publishing team of YCDC will lead publishing process for the Yangon Map. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Onion trade thrives in Ayeyawady Region as daily sales surge despite lower Shan State supply

**Maubin November 1**

In Maubin Township, Ayeyawady Region, the trade of onions coming from Shan State is thriving, according to Daw Kyu, a wholesaler at the Maubin Township food market.

Onions from Shan State have been consistently supplied to Maubin Township in Ayeyawady Region. In the first week of September, around 200 to 400 viss of onions were sold per day. However, from the second week of September until now, sales have increased to 500 to 700 viss per day.

“We’ve heard that the onion production in Shan State is lower this year compared to previous years. Despite this, they’re still coming in regularly. Additionally, there are fewer shipments of onions to Ayeyawady Region from other areas. Currently, the onion price is reasonable, and a significant quantity is being traded daily, with over 150 viss sold each day,” said Daw Kyu.

Currently, the price of onions in Maubin Township ranges from 350,000 to 550,000 kyats per 100 viss. This steady trade is benefiting onion farmers, transporters, and laborers involved in loading and unloading, creating good business opportunities across the sector.

Kyaw Kyaw Lin


Bags of onions being loaded onto a truck.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပြင်သစ်က ဘင်္ဂလားဒေ့ရှ်သို့ Rafale တိုက်လေယာဉ်နှစ်မျိုးရောင်းချရန် စာချုပ် ချုပ်ဆိုနိုင်ရေး ကြိုးပမ်းနေ



ပြင်သစ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ Dassault Aviation ကုမ္ပဏီထုတ် Rafale F3-R နှင့် F4 တိုက်လေယာဉ်နှစ်မျိုး ရောင်းချပေးနိုင်ရန်အတွက် စာချုပ်ချုပ်ဆိုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် မိုဟာမက်ယူနွတ် ဦးဆောင်သော ကြားဖြတ်အစိုးရက တွန်းအားပေးလုပ်ဆောင်နေသည့် အဆိုပါညှိနှိုင်းမှုသည် ဘင်္ဂလားဒေ့ရှ်လေတပ် (BAF)ကို ခေတ်မီစေရန် ပိုမိုကျယ်ပြန့်သောကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်၊ ရေကြောင်းတိုက်စွမ်းအားနှင့် တန်ပြန်စစ်ဆင်ရေးများ ဆောင်ရွက်ခြင်းတို့ အဆင့်မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်လေတပ်က အဆိုပါသတင်းများကို ငြင်းဆိုခြင်းမရှိဘဲ ဒါကာမြို့တော်ရှိ လွှတ်တော်အမတ်များက နှုတ်ဆိတ်နေခြင်းသည် ပြင်သစ်နှင့် လျှို့ဝှက်စေ့စပ်ညှိနှိုင်းနေခြင်း နည်းဗျူဟာဖြစ်နိုင်သည်ဟု စစ်ရေးလေ့လာအကဲခတ်သူတချို့က အကြံပြုထားကြသည်။

ဘင်္ဂလားဒေ့ရှ်နှင့် ပြင်သစ်ကြား အဆင့်မြင့်ညှိနှိုင်းမှုများသည် Rafale တိုက်လေယာဉ်နှစ်မျိုးကို သီးခြားအသုတ်အဖြစ် လက်ခံရရှိရန် အာရုံစိုက်ထားကြောင်း မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒေသတွင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်။ ပထမအသုတ်တွင် ပြင်သစ်လေကြောင်းနှင့် အာကာသတပ်ဖွဲ့ပိုင် Rafale F3-R တိုက်လေယာဉ်လေးစင်းပါဝင်ပြီး ဒုတိယအသုတ်တွင် Rafale F4 တိုက်လေယာဉ်အသစ် ရှစ်စင်းပါဝင်မည်ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲများတွင် တိုက်လေယာဉ်သစ်များ ထုတ်လုပ်ရေးအတွက် တာဝန်ရှိသောDassault Aviation ကုမ္ပဏီနှင့် တိုက်လေယာဉ်များ ပိုင်ဆိုင်ထားသည့် ပြင်သစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနတို့ ပါဝင်သည်။

Rafale F4 တိုက်လေယာဉ်စံနှုန်းသည် ချိတ်ဆက်တိုက်ပွဲဝင်နိုင်မှုနှင့် တိုက်ပွဲဝင်စွမ်းဆောင်ရည်များတွင် သိသိသာသာ တိုးတက်ဖွံ့ဖြိုးလာမှုကို ကိုယ်စားပြုနေသည်။ ၎င်းတွင် အဆင့်မြင့်ကွန်ရက်ချိတ်ဆက်တိုက်ပွဲဝင် စွမ်းရည်များပါဝင်ပြီး အပြိုင်အဆိုင်များသော ပတ်ဝန်းကျင်အခြေအနေများတွင် ကြိုတင်သတိပေးနိုင်စွမ်း မြင့်မားမှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ပိုမိုကောင်းမွန်စေသည်။ အဆင့်မြှင့်တင်ထားသော RBE2 AESA ရေဒါနှင့် Talios pod သည် ဝေဟင်နှင့် မြေပြင်ပစ်မှတ်များအတွက် ပိုမိုကောင်းမွန်သော ထောက်လှမ်းမှုနှင့် ခြေရာခံနိုင်မှုစွမ်းရည်များကို ပိုင်ဆိုင်ထားနိုင်စေသည်။ လက်နက်တပ်ဆင်မှုတွင် တာဝေးပစ် Meteor ဒုံးကျည်များ၊ Scalp ခရုဇ်ဒုံးကျည်များနှင့် AASM တိကျပဲ့ထိန်းဗုံးများပါဝင်ပြီး တိုက်စွမ်းအားမြှင့်တင်ပေးနိုင်သည်။

၂၀၁၇ ခုနှစ် မတ်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံတော်၏လေကြောင်းရန်ကာကွယ်ရေးကို အားကောင်းစေရန်အတွက် ဘက်စုံသုံးတိုက်လေယာဉ်သစ် ရှစ်စင်းဝယ်ယူရေး တင်ဒါခေါ်ယူခဲ့သည်။ Rafale သည် ယူရို ၂ ဒသမ ၅ ဘီလီယံခန့် တန်ဖိုးရှိသော အဆိုပါတိုက်လေယာဉ်ဝယ်ယူရေး သဘောတူစာချုပ်အတွက် ယူရိုတိုက်ဖွန်းတိုက်လေယာဉ်နှင့်အပြိုင် တင်ဒါဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည်။ ပြင်သစ်သမ္မတ Emmanuel Macron သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်သို့ လာရောက်လည်ပတ်မှုအတွင်း ပြင်သစ်နိုင်ငံ၏ ကမ်းလှမ်းမှုကို ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် မိုဟာမက်ယူနွတ် အစိုးရအဖွဲ့က လက်ခံခဲ့ပုံရှိပြီး ပြင်သစ်နိုင်ငံအနေဖြင့် ၃၃ နှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ပထမဆုံးခရီးစဉ်လည်းဖြစ်သည်။ ဤခရီးစဉ်အတွင်း တရားဝင်တုံ့ပြန်မှုမရရှိခဲ့သော်လည်း ပြင်သစ်နိုင်ငံဘက်က ဤမဟာဗျူဟာမြောက်ဝယ်ယူရေးအပေါ် စိတ်အားထက်သန်စွာ ကြိုးပမ်းနေဆဲဖြစ်သည်။

France in Pursuit of a Strategic Agreement to Sell Rafale Fighters to Bangladesh ကို ဘာသာပြန်ဆိုထားပါသည်။

## တရုတ်က ဘီလာရုစ်မှတစ်ဆင့် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ရုရှားတို့၏စစ်နည်းဗျူဟာများကို စောင့်ကြည့်လေ့လာခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ (PRC) သည် ယူကရိန်းရှိ ရုရှားတပ်ဖွဲ့များ အကောင်အထည်ဖော် ကျင့်သုံးနေသည့် စစ်နည်းဗျူဟာများကို ကြားခံနိုင်ငံဖြစ်သည့် ဘီလာရုစ်နိုင်ငံတပ်ဖွဲ့များမှတစ်ဆင့် တိုးတက်ဖွံ့ဖြိုးမှုများကို စောင့်ကြည့်လေ့လာခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံအခြေစိုက် စစ်ပွဲလေ့လာရေးအင်စတီကျူ (ISW)သည် အောက်တိုဘာလတွင် တရုတ်နှင့် ဘီလာရုစ်နိုင်ငံတို့ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို မီးမောင်းထိုးပြခဲ့ပြီး ယူကရိန်းပဋိပက္ခနှင့်ဆက်စပ်၍ ဘီလာရုစ်တပ်မတော်ထံမှ စစ်မှုရေးရာသင်ခန်းစာများကို တရုတ်နိုင်ငံက လေ့လာသင်ယူလျက်ရှိသည်ဟု အစီရင်ခံဖော်ပြခဲ့ကြောင်း သိရသည်။

ဘီလာရုစ်နိုင်ငံ အထူးစစ်ဆင်ရေးတပ်ဖွဲ့မှူး ဗိုလ်ချုပ် VadimDenisenko ၏ ပြောကြားချက်အရ တရုတ်နိုင်ငံသည် မကြာသေးမီက ဘီလာရုစ်နိုင်ငံနှင့် နှစ်နိုင်ငံ စစ်ဘက်ဆက်ဆံရေးများတိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဥဇဘက်ကစ္စတန်နှင့် ကာဇက်စတန်တို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တရုတ်စစ်ဘက်ကိုယ်စားလှယ်အဖွဲ့များသည် လွန်ခဲ့သည့် သုံးလမှ လေးလအတွင်း ဘီလာရုစ်နိုင်ငံ၌ စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်ဟု Denisenko က ပြောကြားခဲ့သည်။ ဤသို့ တိုးတက်လာနေသော စစ်ရေးပူးပေါင်းဆောင်ရွက်မှုသည် အခြားဗဟိုအာရှနိုင်ငံများကဲ့သို့ပင် တရုတ်နိုင်ငံသည် ဒရုန်းများအသုံးပြုမှု၊ ကတုတ်ကျင်းများ ရှင်းလင်းရေးနှင့် မြို့ပြစစ်ဆင်ရေးနည်းပညာများ အပါအဝင် ဘီလာရုစ်နိုင်ငံမှတစ်ဆင့် ရုရှားနိုင်ငံ၏ ယူကရိန်းအထူးစစ်ဆင်ရေး အတွေ့အကြုံများ၏ သင်ခန်းစာဖော်ထုတ်ချက် အကျိုးအမြတ်များရရှိရန် ရည်ရွယ်ထားကြောင်း ဖော်ပြလျက်ရှိသည်။

အဆိုပါစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုများအပေါ် တရုတ်နိုင်ငံ၏ စိတ်ဝင်စားမှုသည် ရုရှား၏ စစ်ဆင်ရေးဆင်နွှဲမှုနည်းလမ်းများကို လေ့လာစောင့်ကြည့်ခြင်းနှင့် ပေါင်းစပ်အသုံးချ လုပ်ဆောင်နိုင်မည့် မဟာဗျူဟာတစ်ရပ်ကို ကျင့်သုံးအကောင်အထည်ဖော်ရန် ပြင်ဆင်နေခြင်းလည်း ဖြစ်ကြောင်း သိရသည်။



ယူကရိန်းပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မရှိသော်လည်း တရုတ်နိုင်ငံသည် ထိုသို့ တစ်ဖက်လှည့် ချဉ်းကပ်မှုနည်းလမ်းကို ပေါင်းစပ်စစ်ဆင်ရေးနှင့် တိုက်ပွဲဝင်တုံ့ပြန်မှုစွမ်းရည်များကို နားလည်သဘောပေါက်စေရန် အခွင့်အလမ်းအဖြစ် ရှုမြင်နေသည်မှာသေချာပေါက်ဖြစ်သည်။ ဘီလာရုစ်နိုင်ငံတွင် သမိုင်းကြောင်းအရ အားကောင်းသည့် ရုရှားသြဇာလွှမ်းမိုးမှုသည် ယူကရိန်းပဋိပက္ခတွင် ပိုမိုသိသာလာကာ ဘီလာရုစ်နိုင်ငံသည် ရုရှားစစ်ဘက်နည်းပညာများကို တရုတ်နိုင်ငံကဲ့သို့ အနောက်နိုင်ငံမဟုတ်သော မဟာမိတ်နိုင်ငံများသို့ ဖြန့်ဝေရာတွင် အဓိကအရေးပါသောနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

တရုတ်-ဘီလာရုစ် စစ်ရေးပူးပေါင်းဆောင်ရွက်မှုသည် ရုရှား-ဘီလာရုစ်မဟာမိတ်အဖွဲ့ကိုကျော်လွန်၍ ကျယ်ပြန့်သောစစ်မှုရေးရာ မျှဝေပေးမှု ကွန်ရက်ကြီး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရှုမြင်နိုင်ပြီး အာရှမဟာမိတ်အဖွဲ့များနှင့် မဟာဗျူဟာမြောက် လေ့လာအကဲခတ်သူများပါ ပေါင်းစည်းပါဝင်လာကာ ရုရှားနိုင်ငံ၏ စစ်မှုရေးရာကျွမ်းကျင်မှုများမှ အားသာချက်များကို ဖော်ထုတ်အသုံးချနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

China Draws Inspiration from Russian War Tactics in Ukraine via Belarus ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၅၉၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဝက်လက် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၅၉၄၅ ဧကထိရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ပဲတီစိမ်း ၃၈၅၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၉၄၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၇၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်း ၃၈၅၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကျန်ဧကများကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၆၆၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံစပါးတင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကျားပျံစပါးတင်းရေ ၆၆၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''စက်တင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၆၆၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ကျားပျံစပါးတွေနဲ့ အခြားလယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ကျားပျံစပါး အမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီ ကျားပျံစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အား ကောင်းခဲ့တာဖြစ်ပါတယ်'' ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၁၅၀၀၀၀ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ပေါက်ခေါင်းမြို့နယ် ညောင်ပင်အင်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်အင်းကျေးရွာ၌ Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို Mobile Financial Payment စနစ်ဖြင့်ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူများအနေဖြင့် ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် Myanmar Citizens Pay တို့ ပူးပေါင်းပြီး Manual Cash – Based စနစ်အစား Mobile Financial Payment စနစ်အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃၂ ဦးကို ငွေကျပ် ၆၅ ဒသမ ၆နှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ လေးသန်း စုစုပေါင်းအသင်းသူ အသင်းသား၂၃၃ ဦးကို ငွေကျပ် ၆၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# တောင်သူများ ဆောင်းသီးနှံမတ်ပဲနှင့် နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်





နေပြည်တော် နိုဝင်ဘာ ၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အိုင်စောက်ကျေးရွာ ကျောက်ချက်စိုက်ပျိုးစီးပွားအသိပညာပေးစင်တာတွင် ရာဂိမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများတွင် ဆောင်းသီးနှံ မတ်ပဲနှင့် နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးတို့က ဆောင်းသီးနှံပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေကြာနှင့် မတ်ပဲမျိုးစေ့များကို တောင်သူများထံထောက်ပံ့ပေးအပ်ကြပြီး တက်ရောက်လာကြသည့် တောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်သစ်တပ်ကျေးရွာအုပ်စု ရေဆင်းဆည်လက်ယာ(၁)မြောင်းမကြီးပေါ်ရှိ ရှားစေးဖိုကုန်ထုတ်မြောင်းကူးတံတား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊ ရေဆင်းဆည်လက်ယာ(၁)မြောင်းမကြီးမိုင်နာ(၅)အတွင်း တူးမြောင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊ ရွှေပေး-ရှားစေးဖို ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကျေးရွာအတွင်းသန့်ရှင်းသာယာရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ပေါက်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်တည်ဆောက်နေမှု၊ အေးမြင့်သာယာလမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်ရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဉ္စမအကြိမ်မြောက် တရုတ်-မြန်မာ နှစ်နိုင်ငံ တတ်သိပညာရှင်များဖိုရမ်သို့ ဒုတိယဝန်ကြီး ဦးအောင်မြိုင် တက်ရောက်






နေပြည်တော် နိုဝင်ဘာ ၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်းပြည်နယ်ခွဲအစိုးရ၏ ဖိတ်ကြားချက်အရ တယ်ဟုန်းပြည်နယ် ခွဲမန်စီမြို့၌ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် တရုတ်-မြန်မာနှစ်နိုင်ငံတတ်သိပညာရှင်များဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဖိုရမ်ကို၂၀၁၇ ခုနှစ်မှစတင်ကာ နှစ်နိုင်ငံအကြားပို့ဆောင်ဆက်သွယ်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဖိုရမ်အတွင်း ဒုတိယဝန်ကြီးသည် အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ ဖိုရမ်ဆွေးနွေးမှုအပိုင်းများတွင် ပါဝင်ဆွေးနွေးခြင်းနှင့် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုခေါင်းစဉ်ဖြင့်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဖိုရမ်တက်ရောက်လာကြသူများသည် ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များတိုးမြှင့်နိုင်ရန် နည်းလမ်းများကို ရှာဖွေနိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏတိုးမြှင့်ရေးနှင့် စီးပွားရေးမိတ်ဖက်များအနေဖြင့် ပိုမိုကောင်းမွန်သည့် မဟာဗျူဟာများကို အကောင်အထည်ဖော်နိုင်ရေး အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။




ဖိုရမ်သို့ ဒုတိယဝန်ကြီးနှင့်အတူ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာ့မီးရထား ကုန်သွယ်ရေးဦးစီးဌာနနှင့် လမ်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိများ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (MISIS)၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဘက်မှ ယူနန်ပြည်နယ်အစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး၊ တယ်ဟုန်းပြည်နယ်ခွဲအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် ဖိုရမ်တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၃၁ ရက်တွင်လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်တွင်းဆီကြိတ်စက်များ၏ ကုန်ကြမ်းလိုအပ်ချက်အပေါ် ပံ့ပိုးပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်တွင်းဆီကြိတ်စက်များ၏ ကုန်ကြမ်းလိုအပ်ချက်အပေါ် ပံ့ပိုးနိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒေါက်တာချာလီသန်းနှင့် ဦးထွန်းအုံတို့က ဦးဆောင်ဆွေးနွေးကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်နှင့် ယနေ့အထိ ဆီထွက်သီးနှံများစိုက်ပျိုးပြီးစီးမှု၊ တိုင်းဒေသကြီးပြည်နယ်အလိုက် မိုးမြေပဲ၊ မိုးနှမ်း၊ မိုးနေကြာသီးနှံများစိုက်ပျိုးထားရှိမှုအခြေအနေနှင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက စာရင်းကောက်ယူရရှိသည့် တစ်နှစ်ကုန်ကြမ်းလိုအပ်ချက်အပေါ် ၂၀၂၃-၂၀၂၄ ခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ ဒေသအလိုက် လအလိုက် ကုန်ကြမ်းပံ့ပိုးနိုင်မည့်အခြေအနေ၊ "ရာဂီ"တိုင်ဖွန်းမုန်တိုင်းကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သီးနှံများ ရေကြီးနစ်မြုပ် ပျက်စီးခဲ့မှုအခြေအနေများကိုဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာဌာနများပူးပေါင်းပါဝင်သည့် လုပ်ငန်းအဖွဲ့များဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



(သတင်းစဉ်)

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန၌ သင်ကြားပို့ချမည့်သင်ရိုးညွှန်းတမ်းများ ပြန်လည်စိစစ်ညှိနှိုင်းရေးဆွဲရေးအစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန၌ သင်ကြားပို့ချမည့် သင်ရိုးညွှန်းတမ်းများ ပြန်လည်စိစစ်ညှိနှိုင်းရေးဆွဲရေးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါ်နုမြဖံ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဒေါက်တာကေသီထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ပြင်ပပညာရှင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့အစည်းအဝေးတွင် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာနသို့ လာရောက်ပညာသင်ယူလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုသင်ကြားပို့ချနိုင်ရေးအတွက် စနစ်ကျ၍ ခိုင်မာအားကောင်းသည့် သင်ရိုးညွှန်းတမ်းများနှင့် သင်ခန်းစာများကို ပြန်လည်စိစစ်ညှိနှိုင်းရေးဆွဲရေးတက်ရောက်လာကြသည့် ပြင်ပပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း မိမိတို့ဘဝသက်တမ်းတစ်လျှောက် လေ့လာဆည်းပူးခဲ့ကြသည့် ပညာရပ်များနှင့် အတွေ့အကြုံများ၊ သင်ရိုးအဖြစ် ပြဋ္ဌာန်းသင့်သည့်၊သင်ကြားသင့်သည့် ပညာရပ်များကို မချွင်းမချန်ဘဲ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာနဖွင့်လှစ်ပြီးနောက် သင်ကြားရေးပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန၏ သင်ကြားရေးပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ပံ့ပိုးမှုအပိုင်းနှင့်ပတ်သက်၍လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန တွဲဖက်ပါမောက္ခဌာနမှူး ဒေါ်မျိုးက ရေးဆွဲပြီးစီးသည့် သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

"ငွေတောင်ကမ်းခြေက မြတ်မော်တင်စွန်းစေတီအနီးမှာ တည်ရှိတာပါ။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၁၇၅၆၆ ဦးထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ ပွင့်လင်းရာသီ ရောက်လာပြီဖြစ်လို့ ခရီးသွားတွေ ပိုမိုလာရောက်ဖို့ မျှော်မှန်းထားတယ်။ တစ်လအတွင်း ရန်ကုန်နဲ့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှ ခရီးသွားတွေ လည်ပတ်မှုများပြားခဲ့ပါတယ်။ လက်ရှိလည်း လာရောက်လည်ပတ်တဲ့သူတွေ များနေပါတယ်။ ခရီးသွားတွေကို စနစ်တကျဝန်ဆောင်မှုတွေပေးနေပါတယ်"ဟု ငပုတော မြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေကို စက်တင်ဘာလအတွင်း လာရောက်လည်ပတ်အပန်းဖြေသည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ သန့်ရှင်းမှုရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန်နှင့် လုံခြုံရေးစသည့် လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ၀၉၄၃၀၆၇၁၆၈၊ ၀၉၄၄၃၁၉၀၁၉၃ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒသြဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော် အပါး ၁၆၀၊ အာဂုံပြန်စာရင်းသွင်းသံဃာအပါး ၂၇၀၊ သဘောရေးဖြေစာရင်းသွင်းသံဃာ ၂၃၈ ပါး စုစုပေါင်း ၆၈၉ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက် (သောကြာနေ့)မှ ဒီဇင်ဘာ ၈ ရက် (တနင်္ဂနွေနေ့)ထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း သို့မဟုတ် ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပြီး အဘိဓမ္မာ(ရိုးရိုး)အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း သို့မဟုတ် ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံးအပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမ ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၁ မီလီမီတာမှ ၃၁ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပြည့်ဝအခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် စိုစွတ်အခြေအနေနှင့် နေပြည်တော်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ခြောက်သွေ့အခြေအနေ အသီးသီးရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “YOON YOON” TikTokအကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းအောက်ရှုံအလတ်ချောင်းရပ်ကွက်နေ တင်ထားနု(ခ)ထားထားကို ညနေ ၄ နာရီ မိနစ် ၂၀ တွင် စက်ဆန်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဥ၀၁)

❖ မြန်မာနေရှင်နယ်လိဂ်-၂ မှအဆက်

ပွဲချိန် မိနစ် ၃၀ တွင် ချစ်လှအောင်၊ ပွဲချိန် ၃၅ မိနစ်တွင် ကျော်ဖြိုးဦး၊ ပွဲချိန် ၆၃ မိနစ်တွင် သက်ဝင်းထွန်း၊ ပွဲချိန် ၇၃ မိနစ်တွင် မျိုးမြင့်အောင်၊ ပွဲချိန် ၈၈ မိနစ်တွင် ကျော်ဇေယျတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရွှေပြည်သာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၅ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဖြိုးနေကိုလှိုင်က သွင်းယူပေးနိုင်ခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို Silver Stars အသင်းမှ သက်ဝင်းထွန်းက ရရှိခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ချင်းလန်းအသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ချင်းလန်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချင်းလန်းအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၉ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဝမ်ဘာက သွင်းယူပေးနိုင်ခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို ချင်းလန်းအသင်းမှ တင့်အောင်ကျော်က ရရှိခဲ့ကြောင်း သိရသည်။

STA

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံနှင့် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖဘိုများကို ပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




အခြေခံပညာ (၁၀-၁၅) ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို နှင့်အဖွဲ့ ဖြိုင်ဖြိုင်ဆိုင်ဆိုင် တီးခတ် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၅-၂၀)(အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ မကွေးတိုင်းဒေသကြီးမှ မအိမ့်ဆည်းဆာ(ခ)သွန်းဆည်းဆာ "စံရာတောင်ကျွန်း"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ချင်းပြည်နယ်မှ မောင်အောင်သက်ပိုင်မှူး "တောမြိုင်ခြေလမ်း"(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅)(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သုထက်အောင် "မြမန်းဂီရိ" (ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၅-၂၀)ပလွေပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အောင်ဖုန်းခန့်"လှဲ့လှဲ့စိမ်းရောင်"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာ(အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ကယားပြည်နယ်မှ မဇင်မင်းမင်းအေး "ကျွန်းကျွန်းပိုင်သ"(ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




အခြေခံပညာ(၁၅-၂၀)(အမျိုးသား)နဲပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်သိန်းတိုးအောင် “မြန်ခန်းကျွန်းတွင်း”(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မောင်ကျော်ကျော်လင်း(ခ)ပတ္တမြားကုလား “ရီရီဆိုင်းဆိုင်း”(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၅-၂၀)(အမျိုးသား)ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ပိုင်“ရွှေမင်းဂံ”(ကာလပေါ်)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅)(အမျိုးသမီး)စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မခင်ကြာဖြူဟန် “တောဟေဝန်လယ်”(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။





အဆင့်မြင့်ပညာ(အမျိုးသမီး)မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မဆုပြည့်သူ “ဂုဏ်တော်ဖွင့်”(ကာလပေါ်)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝေလွင်သိန်း “မန္တလာဘုံ”(ဘွဲ့)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# မန္တလေးမြို့တွင် အခြေချ၍ လူကုန်ကူးမှုဂိုဏ်းဖွဲ့ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ




**နေပြည်တော် နိုဝင်ဘာ ၁**

အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး) တပ်ဖွဲ့စုမှူးရဲမှူးခင်မောင်သိန်း ဦးစီးတပ်ဖွဲ့ဝင်များက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တာဝန်ကျ တပ်ဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီခွဲတွင် ပြည်ပထွက်ခွာမှုများကို ပူးပေါင်းစစ်ဆေးစဉ် ထိုင်းနိုင်ငံ Suvarnabhumi လေဆိပ်သို့ MAI လေကြောင်းလိုင်းဖြင့် ထွက်ခွာမည့် တရုတ်နိုင်ငံသား GAO FENGYING(ကောင်းဖိန်းရင်)နှင့် အမျိုးသမီးငယ် သုံးဦးတို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် တပ်ဖွဲ့စုရုံးသို့ ခေါ်ယူစစ်မေးခဲ့ရာ အဆိုပါအမျိုးသမီးငယ် သုံးဦးမှာ လူမှုကွန်ရက် Facebook, TikTok အသုံးပြုဆက်သွယ်၍ တရုတ်နိုင်ငံသို့ တရုတ်မယားပြုလုပ်ရန် စည်းရုံးစုစည်းခေါ်ဆောင်ခံရသူများဖြစ်ကြောင်းနှင့် ၎င်းတို့ကဲ့သို့ တရုတ်မယားလုပ်ရန်စည်းရုံးခံထားရသူအမျိုးသမီးငယ် ၁၁ ဦးကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၄ Dလမ်း၊ ၁၁၅ – ၁၁၆ လမ်းကြားရှိနေရာတွင် စုစည်းထိန်းချုပ်ထားကြောင်း သတင်းဖော်ထုတ်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီးငယ် သုံးဦး၏ တယ်လီဖုန်းဆက်သွယ်မှုများကို စိစစ်ခဲ့ရာ ၎င်းတို့ကဲ့သို့ တရုတ်မယားလုပ်ရန် စည်းရုံးခံထားရသူ အမျိုးသမီးငယ် ၁၁ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့ကိုစစ်ဆေးချက်များအရ တရုတ်ယောကျ်ားနှင့် လက်ထပ်ရန်အတွက် ဂိုဏ်းဖွဲ့၍ စည်းရုံးဆောင်ရွက်ခဲ့သူ ဒေါ်နန်းဆိုင်ခမ်း(ခ)မားမားကိုဖမ်းဆီးရမိခဲ့ပြီး ၎င်းမှာယခင်က ရွှေလီမြို့ရှိ တရုတ်နိုင်ငံသားပိုင်ကုမ္ပဏီတွင် တရုတ်ယောကျ်ားယူရန် အမျိုးသမီးငယ်များကို ပို့ဆောင်ပေးခဲ့သော်လည်း ခွဲတမ်းနည်းသဖြင့် ၎င်းကိုယ်တိုင် တရုတ်မယားပြုလုပ်မည့် မိန်းကလေးများရှာဖွေရန် Wechat Group မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းမှ တစ်ဆင့်ခံလုပ်ပွဲစား မမေထက်နိုင်ဦး(ခ)မထက်၊မောင်ချစ်ထူး၊မဖြိုးဖြိုးဝေတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်အတွက် မန္တလေးမြို့တွင်အခြေချနေထိုင်ရန် ၈၆လမ်း ကန်တော်ကြီးပတ်လမ်းအနီးရှိ သုံးထပ်တိုက်တစ်လုံးနှင့်ပြည်ကြီးတံခွန်မြို့နယ် ၆၄ Dလမ်း၊ ၁၁၅ – ၁၁၆ လမ်းကြားနေအိမ်တို့ကိုငှားရမ်းခဲ့ကာ အမျိုးသမီးငယ်များ စုစည်းထိန်းချုပ်၍ လူကုန်ကူးမှုလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း မိန်းကလေးများစည်းရုံးရှာဖွေရန်အတွက် မမေထက်နိုင်ဦး(မထက်)၊ ချစ်ထူးနှင့် ၎င်း၏ဇနီးဖြစ်သူ မဖြိုးဖြိုးဝေတို့က Online မှစည်းရုံးရှာဖွေစုဆောင်းပြီး ငှားရမ်းထားသည့်နေအိမ်သို့ ပို့ဆောင်ခြင်း၊ မဇင်သူခိုင်ကို စောင့်ကြည့်စေခြင်း၊ ၎င်းအမျိုးသမီးငယ်များအတွက် နိုင်ငံကူးလက်မှတ်နှင့် လက်ထပ်ဗီဇာပြုလုပ်ပေးခြင်းတို့ကို ဒေါ်နန်းဆိုင်ခမ်း(ခ)မားမား၏စီစဉ်ညွှန်ကြားမှုဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊အမျိုးသမီးငယ်များနှင့်လက်ထပ်မည့် တရုတ်နိုင်ငံသား GAO FENGYING (ကောင်းဖိန်းရင်)၊ တရုတ်နိုင်ငံသား LIN JIAN နှင့်အတူ တရုတ်နိုင်ငံမှ မန္တလေးမြို့သို့လာရောက်သည့်၎င်း၏မိခင် LI MAN–FEN တို့ကို မြန်မာနိုင်ငံသို့လာရောက်ရန်အတွက် ဒေါ်နန်းဆိုင်ခမ်း(ခ)မားမားက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။

ဖြစ်စဉ်ဖော်ထုတ်သိရှိချက်အရ အမျိုးသမီးငယ်များမှာ မိမိတို့ဘဝအလုပ်အကိုင်ရရှိရေးအတွက်လူမှုကွန်ရက်Facebook, TikTok များမှတစ်ဆင့် အလုပ်ရှာဖွေရာမှ တရုတ်မယားပြုလုပ်ရန်စည်းရုံးခံရသူများဖြစ်ကြပြီး ပို့ဆောင်သည့်လမ်းကြောင်းမှာ တရုတ်မယားပြုလုပ်နိုင်ရန်အတွက် ယခင်က နယ်စပ်ဒေသမှတစ်ဆင့်စည်းရုံးခေါ်ယူပို့ဆောင်နေရာမှ ယခုအခါ ပြည်ပနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့ပို့ဆောင်နေကြောင်း စုံစမ်းသိရှိရသည်။

ထို့ကြောင့် မန္တလေးမြို့တွင် အခြေချ၍ လူကုန်ကူးမှုဂိုဏ်းဖွဲ့ကျူးလွန်ခဲ့သူ ဒေါ်နန်းဆိုင်ခမ်း(ခ)မားမား(ဖမ်းဆီးရမိ)၊မမေထက်နိုင်ဦး(ခ) မထက်(တိမ်းရှောင်)၊ မဇင်သူခိုင်(တိမ်းရှောင်)၊ ချစ်ထူး(ဖမ်းဆီးရမိ)၊မဖြိုးဖြိုးဝေ(ဖမ်းဆီးရမိ)၊ တရုတ်နိုင်ငံသား GAO FENGYING(ကောင်းဖိန်းရင်)(ဖမ်းဆီးရမိ)၊ တရုတ်နိုင်ငံသား LIN JIAN နှင့် ၎င်း၏မိခင်ဖြစ်သူ LI MANFEN(ဖမ်းဆီးရမိ)တို့ ရှစ်ဦးကို သက်ဆိုင်ရာရဲစခန်းများဖြစ်သည့် တံတားဦးမြို့နယ် လေဆိပ်နယ်မြေရဲစခန်း (ပ) ၂၃/၂၀၂၄၊လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ဖြင့်လည်းကောင်း၊ တံတားဦးမြို့နယ် လေဆိပ်နယ်မြေရဲစခန်း (ပ) ၂၄/၂၀၂၄၊လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ) ၂၆၀/၂၀၂၄၊လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ဖြင့်လည်းကောင်း၊ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ) ၂၆၁/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်းစိန်နှင့်တောင်ဒဂုံတွင် ပြည်သူ့စစ်မှုထမ်းအတွက် လူငယ်များကို ဖမ်းဆီးမှုများနှင့် ခြိမ်းခြောက်ငွေတောင်းမှုများ ဖြစ်လာပြန်ဟု မဟုတ်မမှန် သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ





**နေပြည်တော် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် စစ်မှုထမ်းအပတ်စဉ်(၇)အတွက် လူငယ်များကို တပ်မတော်နှင့်အုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဖမ်းဆီးခြင်းများနှင့် ငွေကြေး ခြိမ်းခြောက်မှုများဖြစ်ပေါ်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး တပ်မတော်အနေဖြင့် ထိုသို့စစ်မှုထမ်းရန် အကျပ်ကိုင်ခြင်းမျိုးမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းခေါ်ဆောင်ရာတွင် ပြည်သူ့စစ်မှုထမ်းခေါ်ယူရေး ဥပဒေစည်းမျဉ်းစည်းကမ်းအတိုင်း လက်တွေ့မြေပြင်တွင် အဆင့်ဆင့်စစ်ဆေးပြီးမှ ခေါ်ယူလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ လူသစ်စုဆောင်းခြင်းကို အသက်အရွယ်အကန့်အသတ်မရှိ အတင်းအဓမ္မစုဆောင်းလျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများက အေးချမ်းစွာနေထိုင်လုပ်ရှားသွားလာနေသော လူငယ်လူရွယ်များကို လမ်းမှားရောက်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများမှ လုပ်ကြံဖန်တီးရေးသားခြင်းသာဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

(၅၀၁)

# ဆယ်စုနှစ်တစ်စုအတွင်း သစ်တောဟတ်တာ ၂၁၅ သန်း သဘာဝအတိုင်းပြန်လည်ကောင်းမွန်လာကြောင်း သုတေသီများပြောကြား



**ကင်ဘာရာ နိုဝင်ဘာ ၁**

ဩစတြေးလျနိုင်ငံတွင် ဆယ်စုနှစ်တစ်စုအတွင်း သစ်တောဟတ်တာ ၂၁၅ သန်းသည် သဘာဝအတိုင်း ပြန်လည်ကောင်းမွန်လာကြောင်း ဩစတြေးလျနိုင်ငံမှ သုတေသီများက ပြောကြားထားသည်ကို ယနေ့သတင်းများအရ သိရသည်။

ဆယ်စုနှစ် တစ်စုအတွင်း သစ်တော ဟက်တာ ၂၁၅ သန်းသည် သဘာဝအတိုင်း ပြန်လည်ရှင်သန်လာပြီး အဆိုပါသဘာဝအလျောက် ပြန်လည်ရှင်သန်လာသည့် သစ်တောများသည် တစ်နှစ်လျှင် ကာဗွန်ထုတ်လွှတ်မှု ၂၃ ဒသမ ၄ ဂီဂါတန်ခန့်ကိုလျှော့ချနိုင်မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ ကွင်းစလန်းနည်းပညာတက္ကသိုလ်မှ သုတေသီဘရုန်ဝီလီယံက ပြောကြားခဲ့သည်။

သစ်တောပြန်လည်ထူထောင်ရေးသည် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေပြီး ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းရာတွင် အထောက်အပံ့ဖြစ်စေကြောင်း၊ စိုက်ပျိုးရေး၊ လမ်းနှင့် မြို့ပြစီမံကိန်းများကဲ့သို့သောလုပ်ငန်းများက အပူပိုင်းသစ်တောများ၏ ၆၅ ရာခိုင်နှုန်းကို ဆုံးရှုံးသွားစေခဲ့ကြောင်း၊ သစ်တောပြုန်းတီးမှုသည် ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းကို ဖြစ်ပေါ်စေကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# စပိန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၅၈ ဦးထိ မြင့်တက်ခဲ့

**မက်ဒရစ် နိုဝင်ဘာ ၁**

စပိန်နိုင်ငံ ဗလန်စီယာနယ်မြေအပါအဝင် အရှေ့တောင်ဘက်ပိုင်းနယ်မြေများတွင် အောက်တိုဘာ ၂၉ ရက်မှစ၍ ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရပြီး အောက်တိုဘာ ၂၉ ရက်နေ့မှ ယနေ့အတွင်း သေဆုံးသူ ၁၅၈ ဦးထိမြင့်တက်ခဲ့ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါမှတ်တမ်းမှာ ဆယ်စုနှစ်ငါးစုအတွင်း ဥရောပတိုက်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူအမြင့်ဆုံးဖြစ်စဉ်များတွင် ပါဝင်လာခဲ့ပြီး ပျောက်ဆုံးနေသူများ ရှိနေဆဲဖြစ်သည့်အတွက် သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၅၈ ယောက်ထိမြင့်တက်လာခဲ့ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ပျောက်ဆုံးနေသူတွေရှိနေဆဲပါ။ ပျောက်ဆုံးနေသူတွေလဲ တော်တော်လေး များပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေတော့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ အရှိန်မြှင့်တင်ဆောင်ရွက်ပေးနေဆဲဖြစ်ပါတယ်"ဟု စပိန်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူအန်ဂျယ်ဗစ်တာ တောရက်စ်က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဆေးရုံကြီးများအပါအဝင် အခြေခံအဆောက်အအုံ အများအပြား ပျက်စီးခဲ့ပြီး ပျက်စီးခဲ့သော အဆောက်အအုံအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တရုတ်(တိုင်ပေ) အရှေ့ဘက်ကမ်းခြေတွင် Kong-rey တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူငါးဦးထက်မနည်းသေဆုံး

**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်(တိုင်ပေ) အရှေ့ဘက်ကမ်းခြေတွင် အောက်တိုဘာ ၃၁ ရက်က Kong-rey တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Kong-rey တိုင်ဖွန်းမုန်တိုင်းသည် ကြိုတင်ခန့်မှန်းထားသည့်အချိန်တွင် ဝင်ရောက်ခဲ့ခြင်းဖြစ်သကဲ့သို့ အားအကောင်းဆုံးသော မုန်တိုင်းဖြစ်သည်ဟု တရုတ်(တိုင်ပေ) Central Weather Administration (CWA) က ထုတ်ပြန်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်နေသည့် လူနေအိမ် သန်းနှင့်ချီ၍ရှိနေပြီး လေကြောင်း ခရီးစဉ်များနှင့် မီးရထားခရီးစဉ်များကို ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ မုန်တိုင်းသည် တရုတ်(တိုင်ပေ)၏ နာမည်ကြီးကမ်းခြေတစ်ခုဖြစ်သော တိုင်တန်ကမ်းခြေကို ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းအားကောင်းသည့်အတွက် သစ်ပင်ကြီးများ လဲကျကာ လမ်းပိတ်ဆို့မှုများလည်းဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"မုန်တိုင်းတိုက်ခတ်မှုကြောင့် အရှေ့ဘက် ကမ်းခြေဒေသတွေမှာ ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် သေဆုံးသူ ငါးယောက်ထက်မနည်း ရှိခဲ့တယ်။ သစ်ပင်ကြီးတွေနဲ့ ဓာတ်တိုင်လဲကျမှုတွေကြောင့် လမ်းပိတ်ဆို့မှုတွေ လျှပ်စစ်မီးပြတ်တောက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မုန်တိုင်းအခြေအနေအနည်းငယ်တည်ငြိမ်သွားပြီဖြစ်တဲ့အတွက် ရှင်းလင်းရေးလုပ်ငန်းတွေတော့ စတင်နေပြီဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးမှုပမာဏကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်"ဟု တရုတ်(တိုင်ပေ)အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**



# စလို့သ်များက ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရန် နှေးကွေးလွန်း၍ ထိန်းသိမ်းရန်လို

**လန်ဒန် နိုဝင်ဘာ ၁**

စလို့သ် ခေါ် အနှေးကောင်များသည် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်အောင် နှေးကွေးလွန်းသဖြင့် ထိန်းသိမ်းရန်လိုလာကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် Sloth Conservation Foundation (SCF)ကို တည်ထောင်သူ ရေဗက္ကာက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။


စလို့သ် ခေါ် အနှေးကောင်များသည် ၎င်းတို့၏ထူးခြားသော ဇီဝကမ္မဗေဒကြောင့် အခြားနို့တိုက်သတ္တဝါများထက် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သော အပူချိန်များ မြင့်တက်လာမှုကို ခံနိုင်ရည်မရှိကြကြောင်း၊ ၎င်းတို့သည် ပတ်ဝန်းကျင်အပူချိန်ကို မှီခိုအားထားကာ ကိုယ်ခန္ဓာအတွက် အပူချိန်ကိုရယူကြောင်း၊ ၎င်းတို့အတွက် လိုအပ်သော ကိုယ်တွင်းအပူချိန်ကို မရပါက အစာခြေခြင်း၊ ဇီဝဖြစ်စဉ်များ ဖြစ်ပျက်ခြင်းတို့၌ ကမောက်ကမဖြစ်ကာ ၎င်းတို့၏အသက်ရှင်သန်မှုအပေါ်တွင် အကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။

စလို့သ်သည် အေးသော၊ မနိမ့်မမြင့် တောတောင်၊ သစ်တောများကြားတွင် နေထိုင်သောတိရစ္ဆာန်များဖြစ်ပြီး ၎င်းတို့၏နှေးကွေးသော ဇီဝဗေဒစနစ်က ၎င်းတို့၏ခန္ဓာကိုယ်အပူချိန်ကို ရာသီဥတုနှင့်လိုက် လျောညီထွေအောင်ထိန်းညှိခြင်းမရှိသည့်အတွက် ကာကွယ်စောင့်ရှောက်ပေးရမည့် တိရစ္ဆာန်များအဖြစ် ဗြိတိန်သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲစောင့်ရှောက်သူများက သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် နှစ်စဉ် စလို့သ်ကောင်ရေ ၃၀၀၀ သေဆုံးနေရကြောင်း၊ ထို့ကြောင့် စလို့သ်ကောင်များကို ထိန်းသိမ်းကာကွယ်မှုများအချိန်မီ မပြုလုပ်ပါက မျိုးသုဉ်းလာနိုင်ကြောင်း SCF က ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : KZ**



# နီဗားဒါးပြည်နယ် လီသီယမ်သတ္တုတူးဖော်ရေးလုပ်ကွက်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက တရားစွဲဆို

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်တွင် လီသီယမ်သတ္တုတူးဖော်ရေး စီမံကိန်းအတွက် အမေရိကန်ပြည်ထဲရေးရာဝန်ကြီးဌာနက Ioneer ကုမ္ပဏီကို တရားဝင်လုပ်ပိုင်ခွင့် ပြုလိုက်သည့်အတွက် အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက အောက်တိုဘာ ၃၁ ရက်တွင် တရားစွဲဆိုမှုပြုလုပ်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ လီသီယမ်သတ္တုတူးဖော်ရေးစီမံကိန်းကို ဘက်ထရီများ ထုတ်လုပ်ရေးအတွက် ပြည်တွင်း၌ ပထမဦးဆုံးထုတ်လုပ်သွားမည့် သတ္တုမိုင်းတွင်းဖြစ်ပြီး လုပ်ပိုင်ခွင့်ကိုလည်း အိမ်ဖြူတော်အစိုးရက ခွင့်ပြုပေးရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ညွှန်ကြားခဲ့ခြင်း ဖြစ်ကြောင်း၊ အဆိုပါ သတ္တုမိုင်းတွင်းလုပ်ကွက်ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများ ပူးပေါင်းကာ တရားရုံးချုပ်တွင် ပြည်ထဲရေးဝန်ကြီးဌာနကို တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Center for Biological Diversity ကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများနှင့် ပူးပေါင်းကာ တရားစွဲဆိုမှုတွင် ပါဝင်ခဲ့ပြီး အဆိုပါ လုပ်ကွက်များကြောင့် Tiehm's buckwheat တောရိုင်းပန်းမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်နိုင်ခြင်းကြောင့် Center for Biological Diversity က တရားစွဲဆိုမှုတွင် ပါဝင်လာခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

ဝတ္ထုတိုကဏ္ဍ

# နားရွက်ပြတ်မှာကြောက်သူ

ထွန်းလှိုင်(မြိုင်)



**ယမန်နေ့မှအဆက်**

"ဒေါင် ဒေါင် ဒေါင်"

ခေတ္တကျောင်းဆင်းသံချောင်းထိုးသဖြင့် ဆရာလေးကိုတင်မြိုင် ဒုတိယအခန်းထဲတွင် နားနေခိုက် ဆရာကြီးဦးရွှေသီးက ရေနွေးကြမ်းသောက်ရန် ကျောင်းသားတစ်ယောက်လာခေါ်သဖြင့် ဆရာကြီးအခန်းသို့ ဆရာလေးကိုတင်မြိုင် သွားလိုက်သည်။

"ထိုင်ပါ ဆရာ"

ဆရာကြီးဦးရွှေသီးသည် ရေနွေးအိုးကို ရှေ့တိုးချပြီး ဆရာလေးကိုတင်မြိုင်ကို နေရာပေးလိုက်သည်။

"ပေသီးတော့ ကျောင်းအပြီးထွက်သွားပြီဆရာ"

ဆရာကြီးသည် ရေနွေးကြမ်းပန်းကန်ကို ဆရာလေးကိုတင်မြိုင်အား လှမ်းပေးရင်းပြောလိုက်သည်။

"အဲဒါ ဆရာလေးမှာ တာဝန်မကင်းဘူး"

"ဆုံးမပါ ဆရာကြီး"

သောက်လက်စရေနွေးကို ကမျောသောပါး သောက်လိုက်ရင်းပြောလိုက်သဖြင့် ရေနွေးကြမ်းသည် လျှာဖျားမှတစ်ဆင့် ဝမ်းထဲသို့ ပူခနဲ ဝင်သွားတော့သည်။ ရေနွေးထက် ဆရာကြီး၏ ဆုံးမစကားကြောင့် ဆရာလေးကိုတင်မြိုင် ဝမ်းထဲပို၍ ပူသွားဟန်ရှိသည်။

"ဒီလိုပါ ဆရာလေး။ ပေသီး လက်တည့်မတည့် ဘုန်းကြီးကျောင်းက တိန်ညင်မလေးကို လောက်လေးနဲ့ ပစ်ခိုင်းခဲ့တယ်။ မှန်တော့ ဆရာလေးက ချီးကျူးခဲ့တယ်။ ပေသီးဟာ မျက်နှာသာပေး ရွှေရေးပန်းကန်တက် ကျောင်းက ကြက်တင်မက ရွာထဲက ကြက်၊ ဆိတ်တွေကိုပါ လက်ရဲဇက်ရဲ ခိုးလာတော့တယ်မဟုတ်လား။ ပေသီးဘဝကိုလေ့လာကြည့်လေ။ သူ့အဖေက ဆင်းရဲတယ်။ ပညာမတတ်ဘူး။ နွားသတ်တယ်။ ဆိတ်သတ်တယ်။ ဝက်သတ်တယ်။ မကောင်းမှုနဲ့ ဆက်သွယ်နေတယ်။ ပေသီးရဲ့ ပတ်ဝန်းကျင်က ကောင်းတဲ့ပတ်ဝန်းကျင် မဟုတ်ဘူး။ ဒီတော့ မကောင်းတဲ့ ပတ်ဝန်းကျင်ထဲ ရောက်သွားတယ်။ ဒီမကောင်းတဲ့ ပတ်ဝန်းကျင်ထဲက ပေသီးကိုဆွဲထုတ်ဖို့ ဆရာလေးမှာ တာဝန်ရှိတယ်။

"ဟုတ်ကဲ့ ဆရာကြီး"

ဆရာလေးကိုတင်မြိုင်က တပည့်ကျော်သံလုံးနှင့် ပေသီးပေါင်းပြီး နေ့တိုင်း ကြက်သားဟင်း စီစဉ်ပေးသည်ကို အစက ရိုးရိုးသားသားမှတ်၍ လက်ခံခဲ့ရာမှ အချိန်နှောင်းမှ မရိုးသားမှန်းသိခဲ့ရသဖြင့် ဆရာကြီးက မကောင်းတဲ့ပတ်ဝန်းကျင်မှ ပေသီးကိုဆွဲထုတ်ပေးဖို့ ဆရာလေးမှာတာဝန်ရှိတယ် ပြောလိုက်သောအခါ ဝမ်းနည်းစွာ ဝန်ခံခဲ့ရသည်။

"ဆရာလေး ပညာရေးစိတ္တဗေဒဟာ သိပ်ကျယ်ပြန့်တယ်။ နက်နဲတယ်။ နူးညံ့သိမ်မွေ့တယ်။ ကျွန်တော်တို့ မြန်မာ့နယ်ပယ်မှာတော့ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမကျန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ" ဆိုပြီး ဆရာ့ဝတ်ငါးမျိုး ပြသခဲ့ပါတယ်။

''မောင်ပေသီးတို့အရွယ်ဟာ ဘာမဆိုဖြစ်နိုင်စွမ်းနဲ့ စွမ်းအင်အရွယ်လို့ ပညာရေးစိတ္တဗေဒက ဆိုတယ်။ ပြုပြင်လို့ရတဲ့ အရွယ်ပေါ့ ဆရာလေးရယ်။ မောင်ပေသီးဘဝက ပတ်ဝန်းကျင် မကောင်းဘူး။ သူ့အဖေက နွားသတ်တယ်။ ဆိတ်သတ်တယ်။ ဝက်သတ်တယ်။ ဒါပေမဲ့ ပေသီးကို ဒီမကောင်းတဲ့ ပတ်ဝန်းကျင်ထဲက စိတ်ဓာတ်ရေးရာအရ ဆွဲထုတ်လို့ရတယ်"

ဆရာကြီးဦးရွှေသီးသည် စကားပြောရင်း အာခြောက်လာသဖြင့် ရေနွေးကြမ်းတစ်ခွက်ကို ကောက်သောက်လိုက်ပြီး စကားခေတ္တရပ်လိုက်သည်။ ဆရာလေးကိုတင်မြိုင်သည်ဆရာကြီးထောက်ပြလိုက်တော့မှ ပေသီးကို လက်ရဲဇက်ရဲဖြစ်အောင် မြှောက်ပေးခဲ့သလို ဖြစ်သွားသည်ကို နောင်တရနေမိတော့သည်။

"ဒီလိုအရွယ်လေးကို ဆုံးမတဲ့နေရာမှာ ဒဏ္ဍာရီတို့၊ ပုံဝတ္ထုတို့ဟာ အလွန်အစွမ်းထက်တဲ့ လက်နက်တွေပေါ့"

ဆရာလေးကိုတင်မြိုင်သည် ဆရာကြီးပြောလိုက်တော့မှ သူ့ဦးနှောက်ထဲမှာ လက်ခနဲ ဉာဏ်အလင်းရတော့သည်။ သူငယ်ငယ်က ကျောင်းသားဘဝကို သူအမှတ်ရမိတော့သည်။ ဆရာလေးကိုတင်မြိုင်တို့ ငယ်စဉ်က ရွာဦးဘုန်းကြီးကျောင်းနှင့် တွဲထားသော မူလတန်းကျောင်းတွင် စာသင်ခဲ့ရသည်။ ရွာဦးကျောင်းဆရာတော် ဦးကေလာသ ဘုန်းကြီးကျောင်းမှာ ကျောင်းမတက်ခင် ဩကာသဆိုခိုင်းပြီး ဘုရားရှိခိုးခိုင်းခဲ့သည်။ ကျောင်းဆင်းလျှင် နတ်နေ၊ လာဘ်နေ၊ စက်နေများ သင်ခဲ့ရသည်။ ပုံဝတ္ထုများ၊ ၅၅၀ နိပါတ်တော်များ၊ ဒဏ္ဍာရီများဖြင့် ဆိုဆုံးမလေ့ရှိသည်။ ထိုစဉ်က မူလတန်းကျောင်းအုပ်ကြီး ဆရာဝဲသည် ပုံပြင်အပြောကောင်းသော ဆရာကြီးအဖြစ် နာမည်ရခဲ့သည်။ ပုံပြင်များထဲမှ အမှတ်မဲဆုံး ပုံဝတ္ထုလေးမှာ-

တစ်ခါတုန်းက မိဘနှစ်ပါးမှာ ချစ်လှစွာသော တစ်ဦးတည်းသော သားကလေးတစ်ဦးရှိလေသည်။ ငယ်စဉ်ကပင် ဖခင်သေဆုံးသွား၍ မိခင်က သားကလေးကို ပိုလို့ချစ်ခဲ့ရသည်။ သားကလေးကျောင်းသားအရွယ်ရောက်လို့ ကျောင်းထားခဲ့သည်။ အလိုလိုက်ခံရတဲ့ ကလေးဟာ ကျောင်းမှာ လူဆိုးလေးဖြစ်ခဲ့ရသည်။ ကျောင်းက ကျောက်တံ၊ ခဲတံစတဲ့ ပစ္စည်းတွေကိုအဖော်ကလေးတွေထံက မသိမသာခိုးယူလာပြီး မိခင်ထံအပ်ခဲ့သည်။ မိခင်လုပ်သူကလည်း ဆိုဆုံးမ မှုမပြုဘဲသိမ်းဆည်းထားခဲ့သည်။

ဒီလိုနဲ့ပဲ ငယ်ငယ်က သူခိုးလေး၊ ကြီးတော့ သူခိုးကြီးဆိုသလို ကျောင်းကထွက်တော့ အရွယ်ရောက်တဲ့အခါ သူခိုးကြီးဘဝဖြစ်ခဲ့သည်။ သူခိုးကြီးဘဝရောက်သွားတဲ့ ချစ်လှစွာသော သားလေးဟာ တစ်နေ့တော့ ခိုးမှုနဲ့အဖမ်းခံရပြီး ထောင်သွင်းအကျဉ်းချထားခံရသည်။ အဲဒီခေတ်က တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ရှင်ဘုရင်က နောက်ထပ်သူခိုးအန္တရာယ်မထူပြောအောင် သူခိုးမှန်ရင် သုသာန်ထုတ် ဓားခုတ်သတ်စေ အမိန့်ထုတ်ထားခဲ့သည်။

မှူးကြီးမတ်ရာ သေနာပတိများကလည်း တောင်စွယ်နေကွယ်တဲ့အခါ သုသာန်ထုတ် ဓားခုတ်သတ်မယ်လို့ မောင်းကြေးနန်းခတ်ပြီး သူခိုးကို မြို့လယ်လမ်းဆုံလမ်းခွကနေ သုသာန်ဝင်းသို့ ခေါ်လာခဲ့သည်။ မိခင်လုပ်သူက တစ်ဦးတည်းသောသားလေးကို ချစ်လွန်းတာကတစ်ကြောင်း၊ ရှက်တာကတစ်ကြောင်း (ရဲရဲမကြည့်ရဲဘဲ) အိမ်ပေါက်ကနေ ချောင်းကြည့်နေတုန်း ရာဇဝတ်သားက သူ့မိခင်နဲ့ နောက်ဆုံးစကားပြောပါရစေဆိုပြီး ပူဆာတာနဲ့ အာဏာပါးကွက်သားတို့က ခွင့်ပြုလိုက်သည်။ မိခင်ကိုစကားပြောရန် ရာဇဝတ်သားက အနားနားကပ်လိုက်သည်။ စကားပြောဟန်ပြုပြီး နားရွက်ကို ပါးစပ်နဲ့ တိခနဲနေအောင် ကိုက်ဖြတ်လိုက်သည်။

အာဏာပါးကွက်သားများကလည်း အသက်ခံရခါနီးတောင် မိခင်ကို ရက်ရက်စက်စက်နားရွက်ကို ကိုက်ဖြတ်ခဲ့တဲ့အကောင် ပဥ္စနန္တရိယကံကို ကျူးလွန်တယ်ဆိုပြီး ရိုက်ကြ၊ ပုတ်ကြမယ်လုပ်သတဲ့။ ဘေးက လူထုပရိသတ်ကြီးကလည်းတုတ်ဆွဲခဲကောက် တစ်ယောက်တစ်ပေါက် ဆဲဆိုကြိမ်းမောင်းကြသတဲ့။

အဲဒီမှာ ရာဇဝတ်သားက နေကြပါအုံး။ ကျွန်တော်ရှင်းပြပါမယ်။ ကျွန်တော့်မိခင်ကို အလွန်ချစ်ပါတယ်။ တစ်ဦးတည်းသော အားကိုးရာမိခင်ကြီးလဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ရာဇဝတ်သားဘဝရောက်ရတာဟာ ကျွန်တော့်မိခင် တာဝန်မကင်းပါဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ ကျွန်တော်ငယ်ငယ် ကျောင်းသားဘဝက မသိမသာယူလာတဲ့ စာအုပ်၊ ကျောက်တံ၊ ခဲတံစတဲ့ ပစ္စည်းလေးတွေကို မိခင်ထံအပ်နှံခဲ့ပါတယ်။ ကျွန်တော့်မိခင်က သိမ်းထားခဲ့တယ်။ ကျွန်တော့်ကို ဆိုဆုံးမမှု မပြုခဲ့ပါဘူး။ ငယ်ငယ်က ဆိုဆုံးမမှုမပြုခဲ့လို့ အခုလို ကျွန်တော် ရာဇဝတ်သားဘဝရောက်ရတာပါ။ ဒါကြောင့် မိခင်မှာ တာဝန်မကင်းလို့ နောင်မိခင်များ ဆင်ခြင်နိုင်ရန် သတိပေးလိုလို့ နားရွက်ကို ကိုက်ခဲ့တာပါလို့ ပြောသည်။

ဆရာလေးကိုတင်မြိုင်သည် သူငယ်ငယ်က ဆရာကြီးဦးဝဲ ပြောပြဆုံးမခဲ့သော နားရွက်ဖြတ်ခံရသော မိခင်ပုံဝတ္ထုလေးကို ယနေ့တိုင် မမေ့သေးပေ။

"ဒီအရွယ်လေးတွေကို ဆိုဆုံးမတဲ့နေရာမှာ ပုံဝတ္ထုတို့၊ ဒဏ္ဍာရီတို့ဟာ အလွန်အစွမ်းထက်တဲ့ လက်နက်တွေပေါ့"ဟု ဆရာလေးကိုတင်မြိုင်၏ ဆရာကြီးက ဆရာပေါက်စလေးကိုတင်မြိုင်ကို ပညာပေးလိုက်သည်မှာ အလွန်မှတ်သားထိုက်လှသည်။

ဆရာလေးကိုတင်မြိုင် အတွေးတွင် ငေးမောပြီး စဉ်းစားနေလျက်ရှိစဉ်-

"ပေသီးကို ဆရာလေး နေ့စဉ်ပြုပြင်ပေးရန် အချိန်ရပါလျက်ကယ်နဲ့ လမ်းလွဲအောင် ချီးမြှောက်ခဲ့တဲ့အတွက် ဆရာလေးမှာ တာဝန်မကင်းဘူးလို့ ကျွန်တော်ပြောရခြင်းကို နားလည်စေချင်ပါတယ်"

ဆရာကြီးဦးရွှေသီးသည် ပေသီးဘဝ ဆုံးရှုံးသွားခြင်းအတွက် တာဝန်မကင်းသူမှာ ဆရာလေးကိုတင်မြိုင်ဖြစ်ကြောင်း အကိုးအကားနှင့် ပညာပေးဆုံးမခဲ့ခြင်း ဖြစ်သည်။

ဆရာလေးကိုတင်မြိုင်သည် စီးပွားရေးအခြေအနေအရ ကျောင်းထွက်ပြီး ကျောင်းဆရာအလုပ်ကို ဝါသနာအရ လုပ်ရသော်လည်း ဆရာဖြစ်သင်တန်းတက်ရောက်ရခြင်း မရှိသေးသည့်အတွက် အသက်အရွယ်အလိုက် တပည့်များကို မည်ကဲ့သို့ ကိုင်တွယ်ရမည်၊ မည်ကဲ့သို့ သင်ပြရမည်ကို ကျွမ်းကျင်မှုမရှိသေးချေ။ ယခု ဆရာကြီးဦးရွှေသီးထောက်ပြမှသာ သူ့အမှားကို သူမြင်နေမိသည်။ စိတ်မကောင်းဖြစ်နေမိတော့သည်။

"ဒေါင် ဒေါင် ဒေါင်"

ကျောင်းတက်ခေါင်းလောင်းသံကြောင့် ဆရာလေးကိုတင်မြိုင် အတွေးအမျှင်များ ပြတ်သွားပြီး စိတ်မကောင်းစွာဖြင့် ဆရာကြီးထံမှ ထသွားခဲ့သည်။ မောင်ပေသီးသည် ကျောင်းမှာရော ရွာထဲမှာပါ လူတကာအော့ကြောလန်ဖြစ်နေသည်။ မည်သူမျှ မျက်နှာချင်းမဆိုင်ကြတော့ပေ။ ကျောင်းမှ ထွက်ပြီး အရပ်ထဲတွင် ဝေလေလေနှင့်ဖြစ်နေတော့သည်။ ကျောင်းထွက်ပြီး လေးနှစ်ခန့်အကြာတွင် တပ်မတော်ထဲသို့ ဝင်သွားသည်။ စစ်ထဲလိုက်သွား၍ တစ်ရွာလုံးက လူကောင်းလေးဖြစ်သွားပြီဟု ကောင်းချီးသြဘာပေးနေကြသည်။ သူ့အတွက်လည်း မစိုးရိမ်ရတော့ပေ။

သို့သော် မကြာလိုက်ပါ။ တစ်နှစ်ကျော်လောက်အကြာတွင် စွန့်စွန့်စားစား လုပ်မစားလိုသော သူ့ဝသီအတိုင်းတပ်မှ ထွက်ပြေးလာခဲ့သည်။ နယ်တကာလှည့်လည်သည့် အတွေ့အကြုံများ၊ ဗဟုသုတများကြောင့် ပေသီးတစ်ယောက် ပို၍ လူရည်လည်ကာ ရွာပေါ်တွင်ဗိုလ်ကျစိုးမိုးလာခဲ့သည်။ ဒါကြောင့် ကျေးရွာအုပ်ချုပ်ရေး အာဏာပိုင်များ ညှိနှိုင်းကာ ပေသီးကိုခြေချုပ်ဖွဲ့ပြီး တစ်ရပ်တစ်ကျေး ပို့၍ပြုပြင်ကြရန် ဆုံးဖြတ်ခဲ့သည်။ ပေသီးသည် တပ်ကထွက်ပြေးလာမှ ပိုဆိုးလာတော့သည်။ ညဘက်တွင် ငါးများချိတ်တွင် အစာတပ်၍ ဝက်ကို အသံမမြည်အောင်ခိုးသည်။ ရပ်ထားသော လှည်းများမှ လှည်းဘီးချွတ်၍ ခိုးရောင်းစားသည်။ ဈေးသွားဈေးပြန်များ တစ်ယောက်ထဲသွားလျှင် ပါတာ အကုန်လုယူသည်။ လူလစ်ရင် လစ်သလို ငွေညှစ်တတ်သောကြောင့် အဖော်မပါဘဲ ဈေးမလိုက်ရဲကြချေ။

စာမျက်နှာ ၂၅ သို့

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၁၈၇၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ယင်းမာပင် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၁၈၇၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၁၈၇၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၅ ဒသမ ၈၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲ ၃၃၃၄၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ အခုလက်ရှိ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၁၈၇၁ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲနုတ်သိမ်းပြီးစီးမှုအနေဖြင့် ကနီမြို့နယ်တွင် ၂၁၀၁၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၈ ဧကနှင့် ပုလဲမြို့နယ်တွင် ၆၈ ဧက စုစုပေါင်း ၂၁၈၇၁ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းထံမှ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

ညဘက်ဆိုလျှင် ဒန်အိုးဒန်ခွက်၊ အဝတ်အထည်မှအစရသမျှ ခိုးယူရောင်းစားတော့သည်။ ပေသီးသည် သိုင်းပညာလည်း တက်လာပြန်သဖြင့် လူကြီး၊ လူငယ်များကလည်း လန့်ကြောက်နေကြသည်။

သို့ဖြစ်၍ ရွာမှသူကြီးနှင့် ရပ်မိရပ်ဖများ တစ်မျိုးစီစဉ်ကြသည်။ ကျေးရွာသို့ ကင်းလှည့်လာသော ရဲတပ်ကြပ် ဘချစ်နှင့် အဖွဲ့ကို အကျိုးအကြောင်းပြောပြ၍ အကူအညီတောင်းသည်။ ဆရာကြီးဘချစ်က သေနတ်နှင့် ပေသီးကို ခြိမ်းခြောက်ဖမ်းပြီး မူလစီစဉ်ထားသော ခြေချုပ်စွဲရန်ကိစ္စကိုစီစဉ်ကြတော့သည်။ တိမ်ကင်းစင်သော လရောင်အောက် အိမ်အောက်ကွပ်ပျစ်ပေါ်တွင် အရက်မူးနေသော ပေသီးကို ဝိုင်းဖမ်းရန် ကြိုးစားကြတော့သည်။ သူကြီးက-

"ဟေ့ကောင် ပေသီး မင်းဘယ်မှ မပြေးနဲ့တော့။ မင်းကို ဝိုင်းထားတယ်။ မင်းပြေးရင် ဆရာကြီးဘချစ် သေနတ်နဲ့ပစ်မယ်" ဆိုပြီး ခြောက်ပြောလေး ပြောလိုက်သည်။ ပေသီးက အရက်သာမူးထားသည်။ ကွပ်ပျစ်ပေါ်မှ ဝုန်းခနဲ ခုန်ချလိုက်သည်။ လူကတော့ အရက်ဒဏ်ကြောင့် ယိုင်နေသည်။ ထွက်ပြေးဖို့ ကြိုးစားစဉ် သူကြီး၏အားထားရသော ဆယ်အိမ်မှူး ငပြူးက ရုတ်တရက် ပေသီးကိုဝင်၍ ဖက်ထားရန် ကြိုးစားလိုက်သည်။ ဘယ်ရမလဲ။ ပေသီးက ဝင်လာသော ငပြူးကို ညာခြေဖြင့် ပစ်ကန်လိုက်သည်။ မကြာလိုက်ပါ။ သူကြီးအဖွဲ့၊ ရဲတပ်ကြပ်ဘချစ်တို့အဖွဲ့က ဝိုင်းဖမ်းလိုက်ကြသည်။ ရုန်းရင်းဆန်ခတ် ဖြစ်သွားစဉ် မည်သူက ရိုက်လိုက်သည် မသိ။ ပေသီး ဦးခေါင်းချိုစောင်းမှာ ပေါက်ပြဲပြီး သွေးများ ယိုစီးကျလာသည်။ ပေသီးကို ရဲတပ်ကြပ်ဘချစ် တပည့်တစ်ဦးက လက်ထိပ်ခတ်လိုက်သည်။

ရွာလယ်ပိုင်း သူကြီးအိမ်သို့ ပေသီးကို ခေါ်လာခဲ့ကြသည်။ ခွေးဟောင်သံများဖြင့် ဆူညံနေလေသည်ကို ပေသီးကြီးကို ရဲအဖွဲ့ကဖမ်းဆီးလိုက်သတဲ့။ ဝိုင်းရိုက်ပြီးဖမ်းတာ ဦးခေါင်းတစ်ခုလုံး စုတ်ပြတ်ပြီး သွေးတွေပေလို့ဟူသော ကလေးတစ်ယောက်၏ စူးစူးဝါးဝါး အော်၍ သတင်းပေးမှုကြောင့် ကလေးများ၏ နောက်သို့ အကဲခတ်၍ ဆရာလေးကိုတင်မြိုင် သူကြီးအိမ်ဘက် လိုက်သွားမိတော့သည်။

ဦးခေါင်းမှ သွေးများယိုစီးလျက် ဘေးမှ ရဲသားတစ်ဦးက လက်ထိပ်ခတ်၍ ခေါ်လာသော ပေသီးကို တိမ်ကင်းစင်သော လရောင်အောက်မှာ အထင်းသား မြင်လိုက်ရသဖြင့် ဆရာလေးရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

သူကြီးအိမ်ရောက်တော့ ပေသီးသည် ဦးခေါင်းမှ ရရှိထားသော ဒဏ်ရာကို ဂရုမစိုက်ဘဲ လူအုပ်ကို လှမ်းကြည့်လိုက်သည်။ မျက်နှာမရှုံ့ စုတ်မသပ်ဘဲ စူးစူးရှရှကြည့်လိုက်သော ပေသီး၏ အကြည့်ဒဏ်ကို လူအုပ်ကြီးမခံနိုင်ဘဲ ရှဲခနဲ ဖြစ်သွားသည်။ ပေသီးသည် မျက်လုံးကို ဝေ့ကြည့်လိုက်သည့်အခိုက် သူ့မြင်ကွင်းထဲပါသွားသော ဆရာလေးကိုတင်မြိုင်ကိုမှ ပိုမိုကာ စူးစူးဝါးဝါး ကြည့်နေသည်။ သာမန်လူဆိုလျှင် အရက်ရှိန်မပြယ်သေးသော ပေသီး၏ အကြည့်ဒဏ်ကို ခံနိုင်မည်မဟုတ်ပေ။ သူ၏ ငယ်ဆရာဖြစ်ခဲ့သော ဆရာလေးကိုတင်မြိုင်သည်ပင်လျှင် သူ၏ ချိုးသိမ်းမျက်လုံးကဲ့သို့ စူးရှသော အကြည့်ကို ရဲရဲတင်းတင်း မခံရဲပေ။ ဆရာလေးကိုတင်မြိုင်သည် ရှေ့သို့တိုး၍ အကဲခတ်နေမိသည်။

"ဆရာ"

ပေသီးက အသံကို ခါတိုင်းလို မဟုတ်ဘဲ ခပ်မာမာနှင့် ခေါ်လိုက်သည်။

"ဆရာ ဆရာ ဆရာ့ကို ကျွန်တော် တစ်ခုမှာခဲ့ပါရစေ"

ဆရာလေးကိုတင်မြိုင်သည် ပေသီးအနားသို့ကပ်ကာ ပေသီးမှာလိုသည်ကို နားထောင်လိုက်သည်။ သို့သော် ဆရာလေးကိုတင်မြိုင်သည် ပေသီး အနားသို့ မကပ်ရဲပေ။ မကပ်ရဲသည်မှာလည်း လူဆိုးပေသီးကို လန့်၍ မဟုတ်။ ဆရာလေးကိုတင်မြိုင် ဦးနှောက်တွင် လုစ်ခနဲ ပေါ်လာသော အတွေးတစ်ခုကြောင့် ပေသီးအနားသို့ကပ်ရန် တွန့်ဆုတ်သွားဟန်တူသည်။

"ဆရာ ကျွန်တော့်အနား ခဏကြွပါဆရာ။ ကျွန်တော် မှာစရာရှိလို့" ထပ်မံတောင်းဆိုလိုက်သည်။

ဆရာလေးကိုတင်မြိုင်သည် သူငယ်ငယ်က ဆရာကြီးဝဲ ပြောပြဆုံးမခဲ့သည့် နားရွက်ဖြတ်ခံရသော သားကို အလိုလိုက်ခဲ့သော မိခင်တစ်ဦး၏ ပုံပြင်ကို သွားသတိရနေသည်။

"ငါ့နားရွက်ကိုများ ကိုက်ဖြတ်လေမလား"

ဆရာလေးကိုတင်မြိုင်သည် ပေသီးယခုလို လူဆိုး၊ သူခိုး၊ အရက်သမားလေးတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်သွားရသည်မှာ သူ့တာဝန်မကင်းဟု ဆရာတစ်ယောက်အနေနှင့် ရဲရဲသုံးသပ်လိုက်ပြီးနောက် စိုးရိမ်စိတ်များဝင်လာသည်။

ပေသီး ၁၂ နှစ်သား လူလုပ်သင်ခါစ မူလတန်းကျောင်းသားအရွယ် ဆရာလေးကိုတင်မြိုင်က ဘုမသိဘမသိ ဆွဲခန့်ဆရာ ပေါက်စအရွယ်မှာ သွားတွေ့ခဲ့ရသည်က ပြဿနာစခဲ့ရသည်ဟု ဆရာလေးသုံးသပ်လိုက်သည်။ ပေသီးကို ကျယ်ပြန့်နူးညံ့သော စိတ်ပညာ (Education phycho logy) အပေါ် အခြေခံပြီး ပဲ့ပြင်ဆုံးမပေးရမည့်အစား ဘုန်းကြီးကျောင်းက တိန်ညင်လေးကို လက်တဲ့စမ်းခိုင်းခဲ့သည်မှာ ဆရာလေးကိုတင်မြိုင်၏ အမှားဖြစ်သည်။

ဆရာလေးကိုတင်မြိုင်သည် မန္တလေးဆရာအတတ်သင်မှ သင်တန်းဆင်းလာသည့်အခါမှ အတွေ့အကြုံများအပေါ် မူတည်ပြီး အမှားကို ပြန်လည်ဆန်းစစ်ကြည့်သည်။ နောင်တရမိသည်။ ပေသီးကို ခေါ်၍ ပြုပြင်ပေးခဲ့သေးသည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။

"ဆရာ ခဏပါ။ ကျွန်တော် စကားတစ်ခွန်း ပြောချင်လို့ပါ"

ပေသီးသည် မျက်နှာကိုရှုံ့မဲ့၍ ပြောချင်တာများကို မှာချင်သောကြောင့် ဆရာလေးကိုတင်မြိုင်ကို ဖွတ်ခေါ်နေသည်။ သို့သော် ဆရာလေးကိုတင်မြိုင်သည် ပေသီး၏ခေါ်သံကို မကြားတော့။ သူငယ်ငယ်က ဆရာကြီးဦးဝဲဆုံးမခဲ့သော နားရွက်အကိုက်ဖြတ်ခံရသော မိခင်တစ်ဦး၏ ပုံပြင်ကလေးကိုသာ နားထဲကြားယောင်နေမိသည်။ ဆရာလေးကိုတင်မြိုင်သည် ပေသီးကိုမကြည့်ရဲတော့ဘဲ လူအုပ်ထဲမှ ဖွတ်တိုး ပျောက်ကွယ်သွားတော့သည်။ ဩော်... ဆရာလေးကိုတင်မြိုင် တစ်ယောက် နားရွက်ကိုက်ခံရမှာ ကြောက်သွားဟန်တူလေပြီတကား...။

## လူ့တန်ဖိုး

\- အတူနေ မိတ်ဆွေချင်း
ရင်းနှီးခွင့် ရရှိလာ၊
ချစ်စရှည် အမုန်းမဖက်
ပြုံးလျက်ကြည်သာ၊
ခွင့်လွှတ်တတ် နားလည်ကာ
ကရုဏာ မေတ္တာနှင်း၊
ကိုယ့်ကြောင့်သူ ပျော်ရွှင်မှုကို
ထုဆစ်ပုံသွင်း။

\- လိုရာကို ဖြည့်ဆည်းရင်းနဲ့
ရိုင်းပင်းလို့ ကူညီလေ၊
စေတနာ ဖြူစင်ဖွေး
ကြူမွှေးဖြာဝေ၊
သူတော်မြတ် ကျင့်ထုံးတွေ
လိုက်နာပေ ပုံမယွင်း၊
စကားဆို ချိုကြည်အေး
နွေးထွေးစေမင်း။

\- မနာလို ဝန်တိုရှင်း
ငြိုငြင်ခြင်း ကင်းဖို့ပင်၊
တစ်ပါးသူ ကုန်းစကား
ကြားရ ဆင်ခြင်၊
နှစ်ဦးသား ချစ်ကျွမ်းဝင်
မြားအသွင် ခွင်းတတ်ဘိ၊
လောကီဘုံ လူ့မနောကို
စောကြောသတိ။

\- အမုန်းစိတ်ကို မတွယ်ငြိ
ဖယ်မိက လူလိမ္မာ၊
အဖြေရှာ ညှိနှိုင်းကြ
ပြည့်ဝပညာ၊
သူတော်ကောင်း ဥစ္စာဟာ
တန်ဖိုးမှာ အနဂ္ဃ၊
ပိုင်ဆိုင်သူ လူယဉ်ကျေးတို့
စိတ်အေးချမ်းမြ။ ။

**စန်းထက်(ဖန်ခါးမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**ခရီးသွားဆောင်းပါး**

# ထိုင်းနိုင်ငံ မယ်ဆိုင်မြို့က ဦးအောင်ဇေယျစေတီနဲ့မှန်တံတား

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ကို အလုပ်ကိစ္စတစ်ခုနဲ့ ရောက်ရှိလာတဲ့ ခရီးစဉ်မှာ အလုပ်ကိစ္စတွေလဲပြီး အချိန်အနည်းငယ်လဲရနေတာနဲ့ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ်ကနေ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိရာကို ထွက်လာခဲ့ကြတယ်။ မယ်ဆိုင်မြို့ကိုရောက်ရှိပြီး ဦးအောင်ဇေယျစေတီပေါ်ကို စတင်တက်ရောက်တော့မဲ့အချိန်မှာ မနက် ၈ နာရီဝန်းကျင်ရှိနေပြီ။ အနည်းငယ်မတ်စောက်တဲ့စေတီကုန်းတော်ပေါ်ကို တောင်တက်လှေကားထစ်တွေအတိုင်းတဖြည်းဖြည်းနဲ့တက်လာခဲ့တာ မကြာခင်မှာ ဦးအောင်ဇေယျစေတီကြီးရှိရာကိုရောက်လာပါတယ်။

ဦးအောင်ဇေယျစေတီက မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့စေတီတွေနဲ့ အနည်းငယ်ကွာခြားနေတယ်။ စေတီတော်ထိပ်ပိုင်းသဏ္ဌာန်ကခပ်ပိန်ပိန်၊ ခပ်ရှည်ရှည်ဖြစ်နေသလို စေတီတော်ရဲ့အတက်လှေကားထိပ်ဘေးဘက်တွေမှာလဲ မြန်မာနိုင်ငံမှာရှိနေတဲ့ စေတီတွေမှာလို ခြင်္သေ့ရုပ်တွေမဟုတ်ဘဲ နဂါးရုပ်ကြီးတွေ၊ ပန်းမုန်ဦးတွေ၊ ပန်းပင်၊ ပန်းအိုးတွေဖြစ်နေတယ်။ အဝင်မုခ်ဦးကနေ စေတီတော်တည်ရှိနေတဲ့ ရင်ပြင်ပေါ်ကိုရောက်လာတဲ့အခါမှာလဲ ရင်ပြင်တော်တစ်ခုလုံး ရှင်းရှင်းလင်းလင်းဖြစ်မနေဘဲ ပန်းပင်တွေ၊ ပန်းအိုးတွေ၊ ထိုင်ခုံတွေ၊ ပုံစံအရွယ်အစားမျိုးစုံနဲ့ အရုပ်မျိုးစုံတွေကို ရှုပ်ယှက်ခပ်အောင်တွေ့မြင်နေရပြန်တယ်။ နောက်ထပ်လဲ အချွန်အတက်တွေ အများအပြားနဲ့ ဇရပ်အဆောက်အအုံတွေ၊ ထီးတိုင်တွေရှိနေကြတယ်။ ဦးအောင်ဇေယျစေတီကို အလောင်းမင်းတရားကြီး တည်ထားခဲ့တာပါ။ ဒါကြောင့်လဲ အလောင်းဘုရားနဲ့ အမည်ရင်းဖြစ်တဲ့ ဦးအောင်ဇေယျစေတီဆိုပြီး ခေါ်ဆိုနေကြတယ်။ စေတီတော်ကြီးကို စတင်တည်ခဲ့စဉ်အချိန်နဲ့ နှစ်ရာထောင်ချီပြီး ကြာမြင့်နေတဲ့အထိ စေတီတော်ကြီးမှာ ထီးတော်မရှိခဲ့ပါဘူး။ အခုနောက်ပိုင်းကာလတွေ ရောက်မှသာ နိုင်ငံတော်အစိုးရနဲ့ဆရာတော်ကြီးတွေ ညှိနှိုင်းတိုင်ပင်ကြပြီး ထီးတော်တင်လှူထားခြင်းဖြစ်ကြောင်း ဘုရားသမိုင်းတွေအရ သိရပါတယ်။

စေတီတော်ရင်ပြင်ပေါ်ကိုရောက်တာနဲ့ အာရုံခံတန်ဆောင်းမှာ ဖယောင်းတိုင်၊ အမွှေးတိုင်တွေကို ထွန်းညှိပူဇော်ရင်း ဘုရားကန်တော့ကြတယ်။ ဘုရားကန်တော့ပြီးမှ ရင်ပြင်တော်ပေါ်နဲ့ အနီးပတ်ဝန်းကျင်ကိုလှေ့လာကြည့်ရှုရတယ်။ ဦးအောင်ဇေယျစေတီက အရင်တစ်ခေါက်ရောက်ခဲ့၊ တွေ့မြင်ခဲ့တဲ့အတိုင်း ထွေထွေထူးထူးဘာမှပြောင်းလဲမသွားပါဘူး။ ဘုရားပတ်ဝန်းကျင်တစ်လျှောက်မှာ မုဒြာအမျိုးမျိုးနဲ့ များပြားလှတဲ့ဗုဒ္ဓရုပ်ပွားတော်တွေ၊ နဂါးရုပ်၊ ခြင်္သေ့ရုပ်၊ ကြက်ဖရုပ် စတဲ့အရုပ်အမျိုးမျိုးတွေ၊ ပန်းပင်ပန်းပွင့် ပန်းခြင်းတွေနဲ့ ကနုတ်ပန်းအမျိုးမျိုးတွေ၊ တံခွန်တွေ၊ အလံတွေ၊ ထီးတော်တွေကို လှလှပပဖြစ်အောင်ရော၊ မျက်စိရှုပ်ထွေးရလောက်အောင်ရော ရွှေရောင်တွေ၊ ငွေရောင်ငွေ၊ ပတ္တမြားရောင်တွေ ဆေးရောင်စုံအမျိုးမျိုးနဲ့ စီခြယ်ဖန်တီးပြုလုပ်ထားကြတယ်။

ဘုရားကန်တော့ပြီး ဘုရားရင်ပြင်ဝန်းကျင်မှာ လှေ့လာကြည့်ရှုပြီးတာနဲ့ မှန်တံတားကြီးရှိရာကို သွားရောက်ခဲ့ကြတယ်။ မှန်တံတားကြီးက မိမိတို့အရင်တစ်ခေါက် ၂၀၁၇ ခုနှစ် လာရောက်ခဲ့စဉ်တုန်းက မရှိသေးပါဘူး။ တည်ဆောက်ထားတာ မကြာသေးတဲ့တံတားအသစ်ကြီးဖြစ်ပါတယ်။ မှန်တံတားကြီးပေါ်ရောက်တော့ မြန်မာနိုင်ငံ တာချီလိတ်မြို့ရှုခင်းတွေနဲ့ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှုခင်းတွေကို အပေါ်စီးကနေ တွေ့မြင်ခွင့်ရနေတယ်။ ဒါပေမဲ့ ရှုခင်းချင်းက အလွန်ကွာခြားပါတယ်။ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှုခင်းတွေက ခေတ်မီမိုးမျှော်တိုက်အဆောက်အအုံတွေဖြစ်နေကြပြီး တာချီလိတ်မြို့ရှုခင်းက သာမန်အဆောက်အအုံငယ်လေးတွေသာ ဖြစ်နေကြတယ်။ ဒါက အဆောက်အအုံချင်း နှိုင်းယှဉ်မြင်တွေ့နေရတာပါ။ လမ်းတွေကိုကြည့်လိုက်မယ်ဆိုရင်လဲ မြန်မာနိုင်ငံဘက်ခြမ်းကလမ်းတွေက သေးသေးကျဉ်းကျဉ်းကွေ့ကွေ့ကောက်ကောက်တွေသာဖြစ်နေပြီး ထိုင်းနိုင်ငံဘက်ခြမ်းကလမ်းတွေက ရှည်ရှည်လျားလျား ဖြောင့်ဖြောင့်တန်းတန်း လမ်းမကျယ်ကြီးတွေအဖြစ်နဲ့ တွေ့မြင်နေရတယ်။ ထိုင်း-မြန်မာ နှစ်နိုင်ငံရဲ့အခြေအနေတွေကို မြင်ကွင်းတစ်ခုတည်းမှာ ကွဲကွဲပြားပြား ခြားခြားနားနားမြင်တွေ့နေရတာကြောင့် မိမိတို့မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေ အများအပြားကြိုးစားရုန်းကန်ကြရဦးမယ်ဆိုတာကို သိမြင်လိုက်ရတယ်။ တကယ်ကြိုးစားရုန်းကန်ကြမယ်ဆိုရင် လိုက်လို့မီရုံသာမက ကျော်ဖြတ်သာလွန်သွားနိုင်ပါလိမ့်မယ်။



ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ဦးအောင်ဇေယျစေတီတော်ကို တွေ့ရစဉ်။

ဦးအောင်ဇေယျစေတီကုန်းတော်ပေါ်မှာရှိတဲ့ မှန်တံတားကြီးက အတော်အတန်ရှည်လျားပြီး ခေတ်မီပါတယ်။ တံတားကြီးရဲ့အားသာချက်က ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ရှုခင်းတွေကို ပီပီပြင်ပြင် ထင်ထင်ရှားရှားကြည့်ရှုခံစားမြင်တွေ့နိုင်နေတာပါ။ တံတားကြီးတည်ထောက်ထားပုံကလဲ တစ်ဖြောင့်တစ်တန်းတည်းမဟုတ်ဘဲ စေတီကုန်းကို စက်ဝိုင်းခြမ်းပုံသဏ္ဌာန်နီးပါး ကွေ့ဝိုက်ပြီးတည်ဆောက်ထားတာကြောင့် နေရာစုံ၊ ရှုထောင့်စုံကနေ ရှုခင်းတွေကို မြင်တွေ့နေရတယ်။ တံတားကြီးရဲ့အောက်ခြေအနီးမှာတော့ တဝေါဝေါစီးဆင်းနေတဲ့ မယ်ဆိုင်ချောင်းရှိပါတယ်။

မှန်တံတားပေါ်မှာ လမ်းလျှောက်လှေ့လာပြီးတာနဲ့ အောက်ကို ပြန်ဆင်းလာပြီး ဘုရားအနီးမှာရှိနေတဲ့အဆောက်အအုံတွေ၊ ဈေးဆိုင်တန်းတွေ၊ ရှုမျှော်ခင်းကြည့်စင်နေရာတွေကို ဆက်လက်လှေ့လာကြည့်ရှုခွင့်ရတယ်။ အဆောက်အအုံကြီးတစ်ခုက မှန်တံတားအဆင်းအတက်လှေကားအနီးမှာ ရှိနေတယ်။ အဆောက်အအုံတံခါးကိုဖွင့်လှစ်ထားတာကြောင့် အတွင်းကိုဝင်ရောက်ကြည့်ရှုလို့ရနေတယ်။ ဒီအဆောက်အအုံကြီးထဲကို အရင်တစ်ခေါက်လာခဲ့တုန်းကလဲ ဝင်ရောက်ကြည့်ရှုလှေ့လာဖူးပါတယ်။ ထူးခြားတာတစ်ခုက အအောက်အအုံကြီးထဲမှာ ဗုဒ္ဓရုပ်ပွားတော်မျိုးစုံတွေ၊ ထိုင်းဘုရင်နဲ့ဆရာတော်ကြီးတွေရဲ့ ပုံတော်တွေ၊ အဖိုးတန်အသုံးအဆောင်ပရိဘောဂပစ္စည်းတွေ အများအပြားခမ်းခမ်းနားနားထည်ထည်ဝါဝါ အခန်းပြည့်ရှိနေကြပေမဲ့ အစောင့်တွေလဲမရှိ၊ တံခါးတွေလဲမပိတ် ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက် ဝင်ရောက်လှေ့လာကြည့်ရှုခွင့်ရနေတာပါ။ အရင်တစ်ခေါက်လာခဲ့တုန်းကတည်းက လူတစ်ဦးတစ်ယောက်မှမတွေ့မမြင်ရတဲ့ အဆောက်အအုံကြီးကို အခုတစ်ခေါက်လာတဲ့ အချိန်မှာလဲ လူသူကင်းမဲ့ငြိမ်သက်စွာတွေ့မြင်နေရပြန်တယ်။ အဆောက်အအုံကြီးထဲမှာ မိုင်းဖုန်းဆရာတော်ဘုရားကြီးရဲ့ဓာတ်ပုံတွေက ထိုင်းဘုရင်တွေရဲ့ ဓာတ်ပုံတွေနဲ့အတူ တရိုတသေ တလေးတစား ခမ်းခမ်းနားနားချိတ်ဆွဲထားတာကို အထူးသတိထားမိနေတယ်။ အဆောက်အအုံကြီးရဲ့ အတွင်းအပြင်တွေမှာ ပြင်ဆင်ထားရှိမှုတွေက အလွန်ခံ့ညားထည်ဝါလွန်းနေတာကြောင့် တော်ရုံတန်ရုံလူတွေနဲ့ အကြောင်းမသိသူတွေ၊ ဝင်ဖူးထွက်ဖူးမရှိသေးတဲ့ သူတွေအတွက် ဝင်ရောက်လှေ့လာကြည့်ရှုရဲမှာ မဟုတ်ကြပါဘူး။ မိမိကိုယ်တိုင် ပထမအကြိမ်ရောက်ရှိခဲ့စဉ်တုန်းကလဲ ဝင်ခွင့်ရှိရဲ့လား၊ ပြောနေဆိုနေဦးမယ်ဆိုပြီး လိုက်လံပို့ဆောင်ပေးသူတွေကို စိုးရိမ်စိတ်တွေနဲ့မေးမြန်းခဲ့ဖူးပါတယ်။

အဆောက်အအုံကြီးထဲမှာ လှေ့လာပြီးတာနဲ့ အပြင်ကိုပြန်ထွက်လာခဲ့ပြီး ဈေးဆိုင်တန်းအချို့နဲ့ ရှုခင်းသာမှန်မျှော်စင်ရှိရာကို ရောက်လာခဲ့တယ်။ ဈေးဆိုင်တန်းတွေမှာ ထိုင်းရိုးရာအစားအသောက်တွေ၊ အမှတ်တရပစ္စည်းမျိုးစုံတွေ၊ ထိုင်းနိုင်ငံထွက်လက်မှုပစ္စည်းတွေ၊ အနုပညာလက်ရာမြောက်ပစ္စည်းတွေ ရောင်းချနေတာကိုတွေ့မြင်နေရတယ်။ ရှုခင်းသာမှန်မျှော်စင်က ဈေးဆိုင်တန်းတွေအနီး မှန်တံတားကြီးရဲ့တစ်ဖက်ခြမ်းမျက်ကွယ်နေရာမှာ တည်ရှိနေတယ်။ ဒီမှန်မျှော်စင်ကြီးကလဲ ပထမအကြိမ်လာရောက်ခဲ့စဉ်တုန်းက မရှိသေးဘဲ အခုတစ်ခေါက်လာမှ နေရာသစ်တစ်ခုအဖြစ်နဲ့ မြင်တွေ့နေရတာပါ။ မှန်မျှော်စင်ပေါ်ကနေ ရှုခင်းတွေကို ကြည့်ရှုတဲ့အခါ မြန်မာနိုင်ငံ၊ တာချီလိတ်မြို့ဘက်ခြမ်းကို မြင်တွေ့ရမှုနည်းပါးပြီး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိရာကို မြင်တွေ့ရမှုက ပိုမိုထင်ရှားများပြားနေပါတယ်။ မှန်မျှော်စင်က အတော်အတန်ကျယ်ဝန်းနေပြီး လူဦးရေ သုံးလေးဆယ်လောက်ထိ တစ်ပြိုင်နက်တည်း တက်ရောက်ကြည့်ရှုနိုင်ပါတယ်။ ဒါပေမဲ့ မိမိတက်ရောက်ကြည့်ရှုနေစဉ်အတွင်းမှာ အခြားသူတွေ တစ်ဦးတစ်ယောက်မှမရှိဘဲ မိမိတစ်ယောက်တည်းသာရှိနေတယ်။

မှန်မျှော်စင်ပေါ်ကနေ ရှုခင်းတွေကိုကြည့်ရှုပြီးတာနဲ့ ဘုရားကုန်းပေါ်ကနေ ပြန်ဆင်းလာခဲ့တယ်။ အတက်တုန်းက အုတ်စီလှေကားထစ်တွေအတိုင်း တက်ရောက်ခဲ့ပေမဲ့ အဆင်းမှာကားလမ်းအတိုင်း ပြန်ဆင်းလာခဲ့တယ်။ ကားလမ်းက ပြေပြစ်ညီညာတဲ့အပြင် ဘုရားကုန်းတော်ဝန်းကျင်မှာရှိနေတဲ့မြင်ကွင်းတွေကိုလဲ အနီးကပ်မြင်တွေ့ခွင့်ရနေတယ်။ အောက်ခြေကားလမ်းမကြီးပေါ်ကို ရောက်တာနဲ့ အသင့်ဆိုက်ရောက်လာတဲ့ မြို့တွင်းပြေးခရီးသည်တင်လိုင်းကားတစ်စီးပေါ်တက်ပြီး မယ်ဆိုင်ဈေးနဲ့ ကုန်တိုက်ကြီးတွေရှိရာကို ဆက်လက်ထွက်ခွာလာခဲ့တယ်။ ကားပေါ်မှာစီးနင်းလိုက်ပါလာရင်း မယ်ဆိုင်မြို့တွင်းမြင်ကွင်းတွေကို ငေးမောကြည့်ရှုနေရင်းနဲ့ ဈေးရှိရာကိုရောက်လာခဲ့တယ်။ မယ်ဆိုင်မြို့က ထိုင်းနိုင်ငံရဲ့ နယ်စပ်မြို့တစ်မြို့ဖြစ်နေပေမဲ့ အလွန်သန့်ရှင်းသပ်ရပ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေတာကို တွေ့မြင်နေရတယ်။ ဈေးကိုရောက်လာတဲ့အခါမှာလဲ ဒီအတိုင်းပါပဲ။ ကား၊ ဆိုင်ကယ်ရပ်နားစခန်းတွေက အစ ဈေးရဲ့အပြင်ဘက်တစ်ခုလုံး စည်းကမ်းရှိရှိ၊ စနစ်ကျကျရှိနေတာကို တွေ့မြင်ရပြန်တယ်။

သတ်မှတ်ဝင်ပေါက်ကနေ ဈေးအတွင်းကိုရောက်လာတဲ့အခါ ပထမဦးဆုံးသွားရောက်လှေ့လာဖြစ်တဲ့နေရာက သားစိမ်း၊ ငါးစိမ်းတွေရောင်းချနေတဲ့နေရာပါ။ သားစိမ်း၊ ငါးစိမ်းတွေရောင်းချနေတဲ့နေရာဆိုပေမဲ့ အညစ်အကြေးတွေ၊ ရေတွေ၊ ယင်ကောင်တွေမရှိဘဲ အဆင့်မြင့်ကုန်တိုက်ကြီးတစ်ခုအတွင်းမှာ ဝင်ရောက်ဈေးဝယ်နေရသလို အဖြူရောင်ကြွေပြားခင်း၊ ကြွေပြားကာတွေနဲ့ ပြောင်လက်ချောမွေ့နေတယ်။ ခုတ်ပြီးထစ်ပြီး သန့်စင်ပြီးအသားငါးတွေ ထည့်ထားတဲ့အအေးပုံးကြီးတွေရဲ့ အနီးအနားမှာ ဘယ်ဈေးသည်၊ ဘယ်ဝန်ထမ်းမှရှိမနေပါဘူး။ ဈေးဝယ်သူတွေက အသင့်ချပေးထားတဲ့ တစ်ခါသုံးလက်အိတ်တွေ၊ ပလတ်စတစ်အိတ်တွေ အသုံးပြုပြီး မိမိတို့အလိုရှိရာကို လိုသလောက်ထည့်သွင်းယူဆောင်သွားနိုင်ပါတယ်။ သားငါးတန်းဈေးရဲ့ထွက်ပေါက်ရောက်တော့မှ အဆင်သင့်စောင့်ဆိုင်းနေတဲ့ တူညီဝတ်စုံဝတ်ဝန်ထမ်းတစ်ဦးက သားငါးတွေကိုကြည့်ရှုချိန်တွယ်ပြီး တန်ဖိုးငွေသတ်မှတ်ပေးလိုက်ပါတယ်။ သတ်မှတ်တန်ဖိုးကုန်ကျငွေကို ငွေရှင်းကောင်တာရောက်မှ အခြားဝယ်ယူလာတဲ့ပစ္စည်းတွေနဲ့ ငွေအကျေပေးချေကြရပါတယ်။

ဈေးတစ်ခုလုံးအော်သံ၊ ခေါ်သံ၊ ဆူသံပူသံတွေမရှိဘဲ နေရာတိုင်းမှာ တိတ်ဆိတ်ငြိမ်သက်နေတယ်။ ဒါပေမဲ့ ဈေးဝယ်သူတွေအများအပြားနဲ့ စည်ကားနေပြီး ဈေးဝယ်နေကြသူတွေအားလုံးကလဲ မိမိတို့အလိုရှိရာကို သတ်မှတ်ပလတ်စတစ်အိတ်တွေထဲမှာ ထည့်သွင်းပြီးတာနဲ့ တန်ဖိုးငွေသတ်မှတ်တဲ့နေရာ၊ ငွေရှင်းရမဲ့နေရာတွေမှာ သူ့နေရာနဲ့သူ အဆင့်ဆင့်လုပ်ကိုင်ဆောင်ရွက်နေကြတာကို တွေ့မြင်နေရတယ်။ ဈေးဆစ်နေရတာမျိုးတွေ၊ အပိုတောင်းနေတာမျိုးတွေ၊ ငြင်းခုံရန်ဖြစ်နေရတာမျိုးတွေ လုံးဝရှိမနေပါဘူး။ ဈေးဝယ်နေကြသူတွေက ကြိုက်ရင်ယူ၊ မကြိုက်ရင်မယူနဲ့ ကျသလောက်ရှင်းပုံစံမျိုးပါ။ ဈေးအတွင်းမှာ ရောင်းချနေတဲ့ ပစ္စည်းတွေအားလုံးကလဲ သန့်ရှင်းသပ်ရပ်၊ လတ်လတ်ဆတ်ဆတ်ရှိနေပြီး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်တွေသာဖြစ်နေကြတယ်။ ဈေးအတွင်းမှာ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ကုန်စိမ်းတွေအပြင် အဝတ်အထည်၊ လျှပ်စစ်ပစ္စည်း၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး စုံစုံလင်လင်ရှိနေပေမဲ့ မိမိလိုချင်တဲ့စာရေးစက္ကူစာအုပ်မရှိတာကြောင့် ဈေးနဲ့လမ်းတစ်ဖက်ခြားမှာရှိနေနဲ့ ကုန်တိုက်ကြီးတစ်ခုရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ရတယ်။

ဈေးနဲ့ကုန်တိုက်ကြီးက လမ်းမကြီးတစ်ခုသာခြားနေပေမဲ့ လမ်းကိုဖြတ်ကျော်ကူးတဲ့အခါ သတိထားနေရတယ်။ လမ်းမကြီးပေါ်မှာ ကားအသွားအလာတွေ များပြားနေတဲ့အပြင် ထိုင်းနိုင်ငံရဲ့ယာဉ်မောင်းစနစ်က ဘယ်ကပ်မောင်းဖြစ်နေတာကြောင့်ပါ။ မယ်ဆိုင်ဈေးကနေထွက်လာခဲ့ပြီး လမ်းမကြီးကို ဖြတ်ကူးလိုက်တာနဲ့ အဆင့်မြင့်ကုန်တိုက်ကြီးရှိရာကို ရောက်လာခဲ့တယ်။ ကုန်တိုက်ကြီးမှာ မိမိအလိုရှိနေတဲ့ စာရေးစက္ကူစာအုပ်တွေကို ရှာဖွေဝယ်ယူလိုက်ပါအုံးမယ်။

**သက်နိုင်(ပြင်ဦးလွင်)**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဝါးခယ်မ နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို စက်တင်ဘာလ ထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ပြန်လည်ဝယ်ယူမှုများပြားလာပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ဝါးခယ်မမြို့နယ်က ကုန်သည်ပွဲရုံပိုင်ရှင်တွေနဲ့ ရန်ကုန်မြို့ကိုပဲ အများစု တင်ပို့ ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့မှုများလာတော့ ကုန်သည်တွေ၊ ပွဲရုံပိုင်ရှင်တွေ လုပ်သားတွေ အလုပ်အကိုင် အဆင်ပြေနေတာပဲ ဖြစ်ပါတယ်" ဟု ဝါးခယ်မမြို့နယ် ပဲမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးနှမ်း ၉၀၅ ဧက ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ကလေးဝ နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးနှမ်း ၉၀၅ ဧက ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၉၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မိုးနှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၉၀၅ ဧကထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ဧက လျှင် ၁၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးဝမြို့နယ် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးနှမ်း ၉၀၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ အားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးနှမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြား စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် ဟိုနားစောမွန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

မိုင်းဖြတ် နိုဝင်ဘာ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဟိုနားစောမွန်ကျေးရွာ၌ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ဟိုနားစောမွန်ကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ၁၅ ဒသမ ၉ သိန်း၊ စုစုပေါင်း ရန်ပုံငွေ ၁၆၅ ဒသမ ၉ သိန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ သိရသည်။ **ဇင်မာ**

# တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ညောင်ပင်သာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်ပင်သာကျေးရွာ၌ လမ်း အရှည် ၆ ဒသမ ၅၅၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက် လုပ်နေမှုနှင့် ကုန်ထုတ်တံတား အဖြစ် ရေပြွန်တံတား သုံးစင်း တည်ဆောက်ခြင်းကို နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၈၄၂ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများမှ ဇွန်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ညောင်ပင်သာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၈၄၁ အိမ်၊ လူဦးရေ ၃၂၄၀ ဦးတို့၏ စိုက်ပျိုးမြေ ဧက ၁၅၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ စိုက်ပျိုးမြေဧကများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူသူ**

# အုတ်ဖိုမြို့နယ် ကျေးဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အုတ်ဖို နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းရွာကျေးရွာအုပ်စု ကျေးဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြား မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဇာဇာစိုးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၂၉ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ခုနစ်သန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၆ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း အုတ်ဖို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဝင်းမြင့်စိုးထံမှ သိရသည်။

**အေးမြတ်**

# ကျန်းမာသက်ရှည်ဖို့ လမ်းလျှောက်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

အောက်တိုဘာလကုန်ပိုင်းလောက်ကတည်းက နံနက်စောစောတွင် လမ်းလျှောက်သူများကို ပိုမိုတွေ့မြင်လာရသည်။ နွေရာသီနှင့် မိုးရာသီတွင် လမ်းလျှောက်သူများကို သိပ်မတွေ့ရချေ။ ဆောင်းဝင်လာသည်နှင့် မိသားစုလိုက်လမ်းလျှောက်ထွက်လာကြသည်။ လူကြီး၊ လူငယ်၊ လူလတ်အရွယ်ပေါင်းစုံဖြင့် တွေ့မြင်ရသည်။ ခပ်မှန်မှန်ပြေးနေကြသူများ၊ စက်ဘီးစီးသူများကိုလည်း တွေ့ရသည်။ ကျန်းမာရေး ပိုမိုလိုက်စားလာကြသည်။ ပြည်သူများ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိလာကြသည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ ကျန်းမာရေးရှုထောင့်က ကြည့်မည်ဆိုလျှင် တိုးတက်မှုပြယုဂ်ပင်ဖြစ်သည်။

အေးမြလှသော ဆောင်းရာသီ နံနက်ခင်းတွင် လမ်းလျှောက်ရသည့်အရသာကို လမ်းလျှောက်ဖူးသူများသာ ခံစားခွင့်ရရှိကြသည်။ လမ်းလျှောက်ခြင်းသည် ငွေကြေးကုန်ကျမှုများစွာမရှိသော်လည်း လမ်းလျှောက်ခြင်းကြောင့် ကျန်းမာရေးဆိုင်ရာကောင်းကျိုးများစွာရရှိနိုင်သည်။ အနည်းဆုံးတော့ စိတ်လက်ပေါ့ပါးခြင်း၊ ဦးနှောက်ကြည်လင်ခြင်း၊ အစာကြေလွယ်ခြင်း၊ ကြွက်သားများသန်မာခြင်း၊ ခန္ဓာကိုယ်အလေးချိန်ထိန်းထားနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ချက်ချင်းလက်ငင်းရရှိစေပါသည်။

**လမ်းလျှောက်ကြည့်သင့်**

လူတိုင်းအချိန် ၂၄ နာရီစီအညီအမျှရရှိထားကြသည်။ ထို ၂၄ နာရီထဲမှ မိနစ် ၃၀ ခန့် ရအောင်ယူပြီး လမ်းမလျှောက်နိုင်ဘူးဆိုလျှင် နေ့စဉ်ဆုံးရှုံးမှုသာဖြစ်နေမည်။ ထို့ကြောင့် နေ့စဉ် လမ်းလျှောက်ဖြစ်အောင် ကြိုးစားကြည့်စေချင်ပါသည်။ အချို့သောသူများသည် လမ်းလျှောက်ခြင်းကို ဆောင်းရာသီရောက်ရှိမှသာ ပြုလုပ်ရသည်ဟု ယူဆထားကြသည်။ အမှန်စင်စစ်တွင်မူ လူတစ်ဦးသည် ကျန်းမာပျော်ရွှင်သောဘဝကိုပိုင်ဆိုင်နိုင်ရေးအတွက် နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး ပုံမှန်လမ်းလျှောက်သင့်ပါသည်။ စီးပွားဥစ္စာမည်မျှပင် ကြွယ်ဝနေစေကာမူ ကိုယ်၊ စိတ် နှစ်ဖြာကျန်းမာချမ်းသာနေမှသာလျှင် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းသော မြို့ပြနေ ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အသက် ၃၀ ကျော်လာသူများသည် နေ့စဉ်လမ်းလျှောက်သည့်လေ့ကျင့်ခန်းပုံမှန်လုပ်သင့်ပေသည်။ နေ့စဉ်လုပ်ငန်းတာဝန်များကို စိတ်ဓာတ်တက်ကြွစွာဖြင့် စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန်သည် စိတ်နှလုံးရွှင်လန်းချမ်းမြေ့မှုရှိနေရန် လိုအပ်ပေသည်။ စိတ်ရွှင်လန်းတက်ကြွနေစေရန်အတွက် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု ပြုလုပ်ရန်လိုအပ်ပါသည်။ ထိုသို့ ကိုယ်လက်လှုပ်ရှားမှုအတွက် ငွေကြေးကုန်ကျမှုမရှိသည့် ရိုးရှင်းသောအားကစားနည်းသည် လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် လွတ်လပ်ပေါ့ပါးပြီး လုပ်ဆောင်ရလွယ်ကူသည့်အပြင် ဘေးထွက်ဆိုးကျိုးလည်းမရှိသည့် ကျန်းမာရေးကိုအထောက်အကူပြုသောလေ့ကျင့်ခန်းပုံစံပင်ဖြစ်သည်။ ထို့ပြင် လမ်းလျှောက်ခြင်းသည် လွတ်လပ်လွယ်ကူစွာဆောင်ရွက်နိုင်သဖြင့် အသက်အရွယ်မရွေးလုပ်ဆောင်နိုင်သည့် လေ့ကျင့်ခန်းလည်းဖြစ်သည်။ ဆိုရလျှင် လမ်းလျှောက်ခြင်းသည် အကျိုးကျေးဇူးများစွာရရှိနိုင်သည်။

**နွေ၊ မိုး၊ ဆောင်း လမ်းလျှောက်သင့်**

နည်းပညာတိုးတက်လျက်ရှိသော ခေတ်ကြီးတွင် လူသားတို့သည် ဓာတုကြွင်းကျန်အသီးအရွက်များ၊ ပြုပြင်ဖန်တီးထားသော အသား၊ ငါးများကိုသာ စားသုံးနေကြရသည်။ မြစ်ရေများသည် စွန့်ပစ်ဓာတုပစ္စည်းများကြောင့် ညစ်ညမ်းလျက်ရှိသည်။ ထိုနည်းတူစွာ နေ့စဉ်ရှူရှိုက်ရသော လေထုသည်လည်း ညစ်ညမ်းလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် လူသားတို့သည် သွေးတိုး၊ ဆီးချို၊ နှလုံးနှင့်ထူးဆန်းသော ကင်ဆာရောဂါများ ဖြစ်ပွားနေကြပြီဖြစ်သည်။ အရွယ်မတိုင်မီ ကွယ်လွန်နေကြပြီဖြစ်သည်။ ဆိုရလျှင် လူ့သက်တမ်းသည် တဖြည်းဖြည်းတိုတောင်းလာပြီဖြစ်သည်။



ထို့ကြောင့် သက်ရှည်ကျန်းမာရေးအတွက် လေ့ကျင့်ခန်းပုံမှန်လုပ်သွားသင့်သည်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံးတွင် နေ့စဉ်မပျက်မကွက် ပုံမှန်လမ်းလျှောက်သင့်ပါသည်။ နေ့စဉ်မိနစ် ၃၀ ခန့် လမ်းလျှောက်သူတစ်ဦးသည် ကျန်းမာရေး သိသိသာသာတိုးတက်လာသဖြင့် ပျော်ရွှင်ချမ်းမြေ့မှုအရသာကို ခံစားရမည်ဖြစ်သည်။ အထိုင်များသူများသည် မိမိအသက်အရွယ်နှင့် လိုက်ဖက်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်ခုခုကို မဖြစ်မနေ ပြုလုပ်သင့်ပေသည်။ ကျန်းမာရေးအထောက်အကူပြုအားကစားနည်းများစွာအနက် လမ်းလျှောက်ခြင်းသည် ငွေကြေးကုန်ကျမှုသက်သာပြီး အကျိုးများစွာရရှိစေပါသည်။

**အကျိုးကျေးဇူးများစွာ**

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။ သာဓကအနေဖြင့် နှလုံးကျန်းမာရေးအားကောင်းခြင်း၊ ကိုယ်အလေးချိန်လျှော့ချနိုင်ခြင်း၊ သွေးပေါင်ချိန်မှန်လာခြင်း၊ ကင်ဆာရောဂါကာကွယ်နိုင်ခြင်း၊ သွေးလည်ပတ်မှုမှန်လာခြင်း၊ သွေးတိုး၊ လေငန်းရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ခြင်း၊ အရိုးအဆစ်သန်မာလာခြင်း၊ ကြွက်သားများကြံ့ခိုင်သန်မာခြင်း၊ အစာခြေဖျက်နိုင်မှုစွမ်းအားမြင့်မားခြင်း၊ ကူးစက်ရောဂါပိုးခုခံကာကွယ်နိုင်စွမ်းမြင့်မားခြင်း၊ နာတာရှည်ရောဂါကို ကာကွယ်နိုင်ခြင်း၊ အဆုတ်ကြံ့ခိုင်လာခြင်း၊ အရွယ်တင်နုပျိုခြင်း၊ စိတ်ဖိစီးမှုကို လျှော့ချနိုင်ခြင်း၊ စိတ်ခံစားမှုစွမ်းရည်မြင့်မားခြင်း၊ မှတ်ဉာဏ်စွမ်းရည်မြင့်မားခြင်း၊ ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်နိုင်ခြင်း၊ လူမှုဆက်ဆံရေး အဆင်ပြေချောမွေ့လာစေခြင်း၊ နှစ်ခြိုက်စွာ အိပ်စက်အနားယူနိုင်ခြင်းတို့ဖြစ်သည်။

ထို့ပြင် လမ်းလျှောက်ခြင်းအပါအဝင် ကျန်းမာရေးလေ့ကျင့်ခန်းအားလုံးသည် ဦးနှောက်ကျန်းမာရေးအပြင် နှလုံးနှင့်အဆုတ်တို့ကို ကျန်းမာကြံ့ခိုင်လာစေသည့်အပြင် ဆီးချို၊ သွေးတိုးနှင့်နှလုံးရောဂါအပါအဝင် ကာလရှည်ကြာဖြစ်ပွားလေ့ရှိသည့် နာတာရှည်ရောဂါများ၏ အန္တရာယ်ကိုလည်းလျှော့ချစေနိုင်သည်ဟုဆိုသည်။ အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အရွယ်များသည် လမ်းလျှောက်ခြင်း၊ ပြေးခြင်းနှင့် စက်ဘီးစီးခြင်းတို့ကို အခိုက်အတန့်မျှ လုပ်ဆောင်ပြီးချိန်တွင် ဦးနှောက်မှတ်ဉာဏ်ပိုမိုတိုးတက်လာလေ့ရှိကြောင်း သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားသည်။ နေ့စဉ်လမ်းလျှောက်ခြင်း သို့တည်းမဟုတ် စက်ဘီးစီးခြင်းသည် ကျွန်ုပ်တို့၏ဦးနှောက် သက်တမ်းကို ၁၀ နှစ်ထိ ပိုမိုနုပျိုလာစေသည်ဟုဆိုသည်။ ထို့ပြင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပုံမှန်လုပ်ဆောင်ခြင်းသည် သက်ကြီးရွယ်အိုများ၏ မှတ်ဉာဏ်ကိုအသက် ၂၀ အရွယ်လူငယ်များကဲ့သို့ပင် တိုးတက်လာစေကြောင်း သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားသည်။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကို အနှစ်ချုပ်လိုက်လျှင် သက်ရှည်ကျန်းမာစေပါသည်။

**ကျန်းမာရေးသည်ပဓာန**

ကျန်းမာကြံ့ခိုင်နေသူတစ်ဦးသည် အရာရာကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်နေ့စဉ်လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လူတိုင်းတွင် မွေးရာပါစွမ်းဆောင်ရည်များပါလာကြသည်။ သို့သော် ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည် ပထမ၊ ကျန်းမာရေးသည် ဒုတိယ၊ ကျန်းမာရေးသည် တတိယဖြစ်နေခြင်းဖြစ်သည်။

လူသားတိုင်းသည် ကျန်းမာစွာအသက်ရှင်ရပ်တည်လိုကြသည်။ ကျန်းမာရေးချို့ယွင်းမှုမှန်သမျှသည် အဆင်မပြေမှုနှင့် ငွေကုန်ကြေးကျမှုသာများစေမည်ဖြစ်သည်။ ကျန်းမာရေးချို့ယွင်းသူတစ်ဦးသည် ပညာသင်ယူခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ မိသားစုနှင့် ပျော်ရွှင်စွာနေထိုင်သွားလာခွင့် စသည့် အခွင့်အလမ်းအားလုံးကို လက်လွှတ်ဆုံးရှုံးကြရသည်။ လူတစ်ဦး ကျန်းမာရေးကောင်းမွန်ရန်အတွက် အခြေခံအားဖြင့် ငါးမျိုးသာရှိသည်။ ၎င်းတို့မှာ လက်မှန်မှန် ဆေးကြောခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောရေကိုလုံလောက်စွာ သောက်သုံးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်စွာစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းနှင့် လုံလောက်စွာအိပ်စက်အနားယူခြင်းတို့ဖြစ်သည်။

လူတိုင်းသည် အသက်အရွယ်အလိုက် သင့်တင့်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်ခုခုကို ပုံမှန်ပြုလုပ်သင့်ပေသည်။ မျက်မှောက်ကာလတွင် လူအများစုသည်ကျန်းမာရေးအတွက် လုံလောက်သောလေ့ကျင့်ခန်းမလုပ်ဖြစ်ကြတော့ပေ။ ကိုယ်လက်လှုပ်ရှားအားကစားမလုပ်သူများသည် နှလုံး၊ ဆီးချို၊သွေးတိုးရောဂါများအပြင် သွေးအတွင်းကိုယ်လက်စထရောများခြင်းနှင့် ဝမ်းချုပ်သည့်ဝေဒနာတို့ကိုလည်း ခံစားရနိုင်သည်။ အဆွေစာရှုသူ၏ အသက်အရွယ်နှင့် ကျန်းမာရေးအပေါ်မူတည်၍ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်ခုခုကို မပျက်မကွက် ပြုလုပ်သင့်ပေသည်။ ငွေကုန်သက်သာသည့် အလွယ်ကူဆုံး လေ့ကျင့်ခန်းသည် ခပ်မြန်မြန်လမ်းလျှောက်ခြင်းနှင့် ပုံမှန်ပြေးခြင်းပင်ဖြစ်သည်။

**ကျန်းမာသက်ရှည်ဖို့ လမ်းလျှောက်ကြပါစို့**

အမှန်တော့ နေ့စဉ်ပုံမှန်လမ်းလျှောက်သွားမည်ဆိုလျှင် အကျိုးထူးကို လက်တွေ့ခံစားရမည်ဖြစ်သည်။ မကျန်းမာသူတစ်ဦးသည် လူသေတစ်ဦးနှင့်မခြားသည့်အပြင် မိသားစုများကိုပါ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ဆေးကုသစရိတ်ကုန်ကျသည့်အပြင် တိုင်းပြည် ကုန်ထုတ်လုပ်ငန်းကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် လူတစ်ဦးသည် မိမိချစ်သောမိသားစုများနှင့်အတူ ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုကို မပျက်မကွက် လုပ်ဆောင်သင့်ပေသည်။ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများစွာအနက် ငွေကြေးကုန်ကျမှုသက်သာပြီး ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုသည့် လေ့ကျင့်ခန်းသည် ပုံမှန်လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

ဆိုရလျှင် စာရေးသူတို့မိသားစုသည် ယခင်က နံနက်စောစောတွင်သာ လမ်းလျှောက်ဖြစ်ရာမှ ယခုဆိုလျှင် ညနေဘက်ပါ လမ်းလျှောက်ဖြစ်လာသည်။ ရုံးမှပြန်ရောက်သည့်အခါ လမ်းမလျှောက်ရလျှင် တစ်ခုခုလိုအပ်နေသလို ခံစားလာရပြီဖြစ်သည်။ လမ်းလျှောက်ခြင်းကြောင့် ရရှိသည့်ကျန်းမာရေးဆိုင်ရာကောင်းကျိုးများကို လက်တွေ့ခံစားနေရပြီဖြစ်သည်။ ထို့ကြောင့် ကျန်းမာသက်ရှည်ရေးအတွက် လူတိုင်းလမ်းလျှောက်ခြင်းကို ပုံမှန်ပြုလုပ်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဥရောပအမှတ်ပေးပြိုင်ပွဲမှာ အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ထက်မြက်နေတဲ့ မန်ယူအသင်း၊ မာဆေးအသင်း၊ ဘီလ်ဘာအိုအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



ဒီတစ်ပတ်တနင်္ဂနွေနေ့မှာ ကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေလို့ အကြိတ်အနယ်ရှိမှာ သေချာပါတယ်။ အဲဒီအထဲက အိမ်ကွင်းအားသာချက်နဲ့ ရမှတ်လိုအပ်ချက်ရှိတဲ့အသင်းတွေကတော့ ရမှတ်အပြည့်ရဖို့ အခွင့်အလမ်းများနေတာကို တွေ့ရမှာပါ။ လက်ရှိကာလဟာ ရာသီဝက်မပိတ်သိမ်းခင် ပြည်တွင်းပြိုင်ပွဲတွေနဲ့ ဥရောပပြိုင်ပွဲတွေ ဆက်တိုက်ရှိနေသလို နိုင်ငံတကာပြိုင်ပွဲတွေကလဲ ဝင်ရောက်လာတတ်တာကြောင့် ကစားသမားအများစုဟာ ပွဲပန်းမှုဒဏ်ကိုခံစားခဲ့ရပြီး ပုံမှန်ခြေစွမ်းပြနေတဲ့ ကစားသမားတွေတောင် အခုကာလမှာ ဂိုးသွင်းအား ကျဆင်းသွားတတ်တာကို သတိပြုရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ည ကစားမဲ့ပွဲစဉ်တွေမှာ အိမ်ကွင်းအားသာချက်နဲ့ ဒဏ်ရာရပွဲပယ်ကစားသမားနည်းနေတဲ့ အသင်းတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

### မန်ယူအသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညမှာ ကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၁၀) မှာ အကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ ချဲလ်ဆီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ နည်းပြတန်ဟတ်ကို ထုတ်ပယ်ပြီးနောက်ပိုင်း ယာယီနည်းပြအဖြစ် နစ္စတယ်ရွိုင်းက တာဝန်ယူနေတာဖြစ်ပါတယ်။ ယာယီနည်းပြဟာ ပြီးခဲ့တဲ့ကြားရက်မှာ လက်စတာအသင်းနဲ့ ပွဲကို စတင်ကိုင်တွယ်ခဲ့ပြီး ငါးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲမှာ နည်းပြသစ်ဟာ ကွင်းလယ်မှာ ပုံစံကောင်းပျောက်ဆုံးနေတဲ့ ကက်စမဲရိုးနဲ့ ဖာနန်ဒက်စ်တို့ကို လူမှန်နေရာမှန် အသုံးပြုနိုင်ခဲ့တာကြောင့် တိုက်စစ်ကစားအားကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် နည်းပြတန်ဟတ်ရဲ့ နည်းစနစ်ပိုင်းဟာ မေးခွန်းထုတ် စရာဖြစ်ခဲ့သလို နစ္စတယ်ရွိုင်းတာဝန်ယူချိန်မှာတော့ ပထမဆုံးပွဲမှာ ငါးဂိုးထိ သွင်းယူနိုင်ခဲ့တာကြောင့် အဝေးကွင်းခံစစ်ပိုင်း အားနည်းတဲ့ ချဲလ်ဆီးအသင်း ရှုံးကန်ရမှာ သေချာပါတယ်။ ဒါကြောင့် အခုပွဲမှာ အဝေးကွင်းအားနည်းတဲ့ ချဲလ်ဆီး ခံစစ်ပိုင်း မန်ယူရဲ့ တိုက်စစ်ကစားပုံကို မထိန်းချုပ်နိုင်ရင်တော့ ဂိုးပြတ်ရှုံးသွားမှာပါ။

ချဲလ်ဆီးအသင်းဟာ နည်းပြသစ်မာရက်စ်ကာ လက်ထက်မှာ ကစားပုံတိုးတက်လာတာကြောင့် အမှတ်ပေးပွဲ ကိုးပွဲအပြီးမှာ ရမှတ် ၁၇ မှတ်နဲ့ အဆင့်(၅) ထိရောက်ရှိခဲ့ပြီး အဆင့်(၁) က မန်စီးတီးနဲ့ ရမှတ်ခြောက်မှတ်သာ ကွာဟတာကြောင့် အမှတ်ပေးဗိုလ်စွဲလိုက်တာကို ခြိမ်းခြောက်နိုင်စွမ်းရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ထိပ်တန်းအဆင့် ကစားသမားတွေများနေတာကြောင့် ကစားသမားတွေကို အလှည့်ကျအသုံးပြုနေတာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ ကာရာဘောင်းဖလားပြိုင်ပွဲမှာတော့ ပရီးမီးယားလိဂ်မှာ သုံးနေတဲ့ ကစားသမားတွေကို အနားပေးခဲ့ပြီး ကျန်ကစားသမားတွေနဲ့ ပွဲထွက်ခဲ့တာကြောင့် နယူးကာဆယ်ကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့လို့ ယုံကြည်မှုကျဆင်းသွားတာကို တွေ့ရမှာပါ။ ချဲလ်ဆီးအသင်းဟာ ဘန်ချီဝဲလ်တစ်ယောက်ကလွဲရင် ကစားသမားအားလုံး ပါဝင်ကစားနိုင်တာကြောင့် စုဖွဲ့မှုကောင်းတယ်ထင်ရပေမဲ့ နည်းစနစ်ပိုင်းနဲ့ အသင်းလိုက်ကစားအားမှာတော့ လိုအပ်ချက်ရှိနေတာဖြစ်လို့ မန်ယူကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ ကွာခြားချက်သိပ်မရှိပေမဲ့ မန်ယူအသင်းအိမ်ကွင်း နောက်ဆုံးလေးကြိမ်ကစားခဲ့ရာမှာ ချဲလ်ဆီးနိုင်ပွဲမရခဲ့တာကြောင့် အခုပွဲမှာ ရမှတ်လိုအပ်နေတဲ့ မန်ယူအသင်းပဲ ရလဒ်ကောင်းမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၀ | - | ၀ | မန်ယူ |
| မန်ယူ | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| ဖီနာယာချီ | ၁ | - | ၁ | မန်ယူ |
| ဝက်စ်ဟမ်း | ၂ | - | ၁ | မန်ယူ |
| မန်ယူ | ၅ | - | ၂ | လက်စတာ |

**ချယ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၁ | - | ၁ | နော်တင်ဟမ် |
| လီဗာပူး | ၂ | - | ၁ | ချဲလ်ဆီး |
| ပါနာသီယာကို့စ် | ၁ | - | ၄ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၁ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၀ | ချဲလ်ဆီး |

### မာဆေးအသင်းနဲ့ လက်တွဲရမှာပါ

ပြင်သစ်လီဂူးပွဲစဉ် (၁၀) မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နန့်တက်နဲ့ မာဆေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နန့်တက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် ရမှတ် ၁၀ မှတ်နဲ့ အဆင့်(၁၂) မှာရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အိမ်ကွင်းပွဲတွေမှာ ပြိုင်ဘက်အားလုံးကို တံ့ပြန်နိုင်စွမ်းရှိခဲ့တာကြောင့် အခုရာသီ အိမ်ကွင်းလေးပွဲမှာ ပွဲတိုင်းဂိုးရခဲ့သလို တစ်ပွဲသာ ရှုံးခဲ့တာကို သတိပြုရမှာပါ။ ဒါပေမဲ့ အသင်းရဲ့ခံစစ်ပိုင်းက ကစားသမားတစ်ယောက်ချင်းစီရဲ့ လိုအပ်ချက်ကြောင့် နိုက်အသင်းကို ချေပဂိုးပြန်ပေးလိုက်ရလို့ ရမှတ်ခွဲယူခဲ့ရတာကိုတွေ့ရမှာပါ။ အခုပွဲမှာလဲ ခံစစ်ပိုင်း မပြင်နိုင်ခဲ့ရင်တော့ မာဆေးလို တိုက်စစ်ကောင်းတဲ့အသင်းကို ပေးဂိုးများသွားမှာ သေချာပါတယ်။

မာဆေးအသင်းဟာ အခုရာသီမှာ ဥရောပကစားခွင့်မရတာကြောင့် လာမဲ့နှစ်မှာ ဥရောပပွဲ ကစားနိုင်ဖို့အတွက် နွေရာသီအပြောင်းအရွှေ့မှာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းစနစ်ပိုင်းကောင်းတဲ့ ဒီဇာဘီကို ခန့်အပ်နိုင်ပြီးနောက်ပိုင်း နည်းပြကြိုက်နှစ်သက်တဲ့ ကစားသမားတွေကို ခေါ်ယူပေးနိုင်ခဲ့လို့ အမှတ်ပေးပွဲ ကိုးပွဲအပြီးမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ အဆင့်(၃) မှာရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြ ဒီဇာဘီဟာ ပီအက်စ်ဂျီနဲ့ပွဲမှာ ရမှတ်ဆုံးရှုံးသွားတာကြောင့် နန့်တက်လို အလယ်တန်းအဆင့်ရှိတဲ့အသင်းနဲ့ တွေ့ချိန်မှာ ရမှတ်ပြည့်ရဖို့ အာရုံစိုက်လာမှာ သေချာပါတယ်။ လက်ရှိတိုက်စစ်ပိုင်းမှာ ဝါဟီ၊ ဂရင်းဝုဒ်၊ ဟန်ရီကွီး၊ ဟာရစ်တို့က ခြေစွမ်းပြသနေပြီး ဂရင်းဝုဒ်က ခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြဒီဇာဘီကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ ကွင်းလယ်ခံစစ်မှာ ရာဘီယို့စ်၊ ဟော့ဂျက်တို့အတွဲကို အကောင်းဆုံးအသုံးချနိုင်ခဲ့တာကြောင့် တောင်ပံက တိုက်စစ်လိုက်ပါကစားရတဲ့ ဟန်ရီကွီးနဲ့ ဂရင်းဝုဒ်တို့ ဂိုးရဖို့လွယ်ကူခဲ့တာဖြစ်လို့ ဒီကစားကွက်နဲ့ ပွဲထွက်လာရင်တော့ နန့်တက်ခံစစ်ပိုင်း ထိန်းချုပ်ဖို့ မဖြစ်နိုင်လို့ ရမှတ်ရှာဖွေရမဲ့ မာဆေးအသင်းနဲ့ လက်တွဲရမှာပါ။

**နန့်တက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အန်ဂါ | ၁ | - | ၁ | နန့်တက် |
| နန့်တက် | ၂ | - | ၂ | စိန့်အက်တီယန် |
| လိုင်ယွန် | ၂ | - | ၀ | နန့်တက် |
| နန့်တက် | ၁ | - | ၁ | နိုက် |
| စထရာဘော့ | ၃ | - | ၁ | နန့်တက် |

**မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | ၂ | - | ၃ | မာဆေး |
| စထရာဘော့ | ၁ | - | ၀ | မာဆေး |
| မာဆေး | ၁ | - | ၁ | အန်ဂါ |
| မောင့်ပယ်လီယာ | ၀ | - | ၅ | မာဆေး |
| မာဆေး | ၀ | - | ၃ | ပီအက်စ်ဂျီ |

### ဘီလ်ဘာအိုအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ လာလီဂါပွဲတွေထဲမှာ နောက်ထပ် အကြိုက်တွေ့တာကတော့ ဘီလ်ဘာအိုနဲ့ ဘက်တစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ကစားသမားစုဖွဲ့မှု တူညီနေပေမဲ့ နောက်ပိုင်းမှာ ဘီလ်ဘာအိုအသင်းက နည်းစနစ်ပိုင်းနဲ့ ခြေစွမ်းပြကစားသမားတွေ ပေါ်ထွက်လာခဲ့တာကြောင့် ဘက်တစ်ထက် ပိုကောင်းနေတာကို တွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ ၁၁ ပွဲအပြီးမှာတော့ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးနဲ့ ရမှတ် ၁၈ မှတ်ရခဲ့လို့ အဆင့်(၅) မှာရောက်နေပေမဲ့ အဆင့်(၆) ကဘက်တစ်နဲ့ ရမှတ်တူ ဂိုးကွာခြားချက်သာ ရှိတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ မာယော့ကာနဲ့ အဝေးကွင်းမှာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းငါးပွဲဆက်မှာတော့ ရှုံးပွဲမရှိခဲ့ဘဲ ရလဒ်ကောင်းခဲ့ပြီး တိုက်စစ်က ပွဲတိုင်း ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ နည်းပြဗယ်ဗာဒီ လက်အောက်မှာ တောင်ပံတိုက်စစ်က နစ်ကိုးဝီလျံနဲ့ အီနာကီဝီလျံတို့အတွဲက ခြေစွမ်းပြနေတာကြောင့် နောက်ချန်တိုက်စစ်ကစားတဲ့ ဆန်းစက်နေရာလွတ်ရခဲ့ပြီး လေးဂိုးထိသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဘီလ်ဘာအိုက အသာရနေတာကို တွေ့ရမှာပါ။

ဘက်တစ်အသင်းဟာ ပြီးခဲ့တဲ့ ပွဲစဉ်မှာ အေတီကိုအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာကြောင့် ယုံကြည်မှုအားကောင်းနေပြီး ၁၁ ပွဲကစားအပြီးမှာ ရမှတ် ၁၈ မှတ်နဲ့ အဆင့်(၆) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အေတီကိုနဲ့ပွဲမှာ တန်ပြန်တိုက်စစ်ကနေ အခွင့်အရေးရတာနဲ့ အဝေးကန်ချက်တွေနဲ့ အေတီကိုအသင်းကို ခြိမ်းခြောက်နိုင်ခဲ့တာကြောင့် ပွဲချိန် လေးမိနစ်မှာ ဦးဆောင်ဂိုးရခဲ့ပြီး နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲမှာ သူတို့အသင်းဟာပြိုင်ဘက် ဂိုးပေါက်ကို ၁၇ ကြိမ်ထိကန်သွင်းနိုင်ခဲ့ပေမဲ့ သုံးကြိမ်သာ ထိရောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိဘက်တစ်ရဲ့ တောင်ပံခံစစ်က ဘယ်လာရင်၊ ရိုဒရီဂွက်ဇ်တို့အနေနဲ့ တိုက်စစ်လိုက်ပါကစားမယ်ဆိုရင်တော့ ဝီလျံတို့ညီနောင် ဦးဆောင်လာမဲ့ ဘီလ်ဘာအို တောင်ပံတိုက်စစ်ကို ဟန့်တားနိုင်မှာမဟုတ်လို့ အိမ်ရှင်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၂ | - | ၀ | အယ်ခမာ |
| ဂျီရိုနာ | ၂ | - | ၁ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၄ | - | ၁ | အက်စ်ပန်ညို |
| ဘီလ်ဘာအို | ၁ | - | ၀ | ဆလာဗီးယား |
| မာယော့ကာ | ၀ | - | ၀ | ဘီလ်ဘာအို |

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဂီယာဝါဆော | ၁ | - | ၀ | ဘက်တစ် |
| ဆီဗီလာ | ၁ | - | ၀ | ဘက်တစ် |
| အိုဆာဆူနာ | ၁ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၁ | ကိုပင်ဟေဂင် |
| ဘက်တစ် | ၁ | - | ၀ | အေတီကို |




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသီရိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၁ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းရပ်နေ ဦးမြင့်ဌေး (ဘ) ဦးထွန်းရွှေ (၉/တသန(နိုင်)၁၄၆၁၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-731998)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၁၉၅၁၆၃၅

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၉)နေ မကြည်ကြည်ဌေး (ဘ) ဦးဝင်းလူ (၉/ပဥလ(နိုင်)၀၅၂၁၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၄၄၀၄၈၄၃












❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို...**

❖ **သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၈ သိန်းဖမ်းဆီးရမိ




နေပြည်တော် နိုဝင်ဘာ ၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံရွာကျေးရွာအနီးတွင် တောင်ကြီးမှ ကျောက်ဆည်ဘက်သို့ ကိုကိုမောင်(ခ)ချမ်းပြည့်မောင် မောင်းနှင်ပြီး တင်ကို လိုက်ပါလာသည့် ISUZU D-MAX မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**မန္တလေးမြို့တွင် အခြေချ၍ လူကုန်ကူးမှု ဂိုဏ်းဖွဲ့ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ** စာမျက်နှာ - ၂၂

**စပိန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၅၈ ဦးထိ မြင့်တက်ခဲ့** စာမျက်နှာ - ၂၃

## နေရှင်နယ်လိဂ်-၂ ပွဲစဉ်(၁၀)တွင် ချင်းလန်းအသင်းနှင့် Silver Stars အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ချင်းလန်းအသင်းနှင့် Silver Stars အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညနေ ၃ နာရီက တက္ကသိုလ်အားကစားကွင်းတွင် Silver Stars အသင်းနှင့် ရွှေပြည်သာယူနိုက်တက် အသင်းတို့ကစားခဲ့ရာ Silver Stars အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Silver Stars အသင်းအတွက် သွင်းဂိုးများကို

စာမျက်နှာ ၁၈ ကော်လံ ၁ ❖



